ကြေးမုံ
The Mirror

၁၃၇၁ခုနှစ်၊ ဝါဆိုလဆန်း၄ရက်၊ ကြာသပတေးနေ့၊ (25-6-2009) (၆၀၈၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောဝတီတိုင်းသည် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေသယ်ဇာတ၊ မြေသယ်ဇာတများ ပေါကြွယ်ဝယင်းအခြေခံကောင်းများကို မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတွင် အသုံးပြုနိုင်ရေး အလုပ်ကို ဝိရိယထား လုပ်ကိုင်

မိမိတို့နိုင်ငံသည် နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးဖြစ်

ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ၌နှ် ၂၄

ရောဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရထာတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိတကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁) ရာဇဗိုင်တံတား အမှတ်(၁)စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ရာဇဗိုင်တံတား အမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇဗိုင်တံတား အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ဓနိချောင်းစံပြကျေးရွာ။ (အောက်ပုံ)

(သတင်းစဉ်)

ကြေးမုံ The Mirror

၂၅-၆-၂၀၀၉
(ကြာသပတေးနေ့)

ပြည်တွင်း ရေကြောင်းသွားခရီးစဉ်များ အန္တရာယ်ကင်းရှင်းရေး သတိပြုကာကွယ်

မုတ်သုံလေသည် မြန်မာတစ်နိုင်ငံလုံးသို့ လွှမ်းခြုံဝင်ရောက်ခဲ့ပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကြောင်း သိရသည်။

ဇွန်၊ ဇူလိုင်လများသည် မိုးဦး မိုးကောင်းသောကာလများဖြစ်ရာ နိုင်ငံမြောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ၌ မိုးပိုပို့ရွာသွန်းလာနိုင်သည်။ ရေကြီးခြင်း၊ ရေလျှံခြင်းများလည်း ဖြစ်ပေါ်နိုင်သဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်၊ ချောင်းကမ်းနံဘေးတို့တွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေတာပေါင်းမိုးတစ်လျှောက် စစ်ဆေးခြင်း၊ သဲအိတ်ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ မြို့ရွာရပ်ကွက်ရေဘေးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း လုပ်ငန်းများကို စီမံဆောင်ရွက်ထားကြရမည်ဖြစ်သည်။

ရေကြောင်းသွားခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လည်း ကြိုတင်ပြင်ဆင် ကာကွယ်ထားကြရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်များတွင် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောင်၊ အသက်ကယ်ဗောကွင်းစသည့် ပစ္စည်းများကို ရေကြောင်းပို့ဆောင်ရေးဥပဒေကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းယူဆောင်ကြရမည်ဖြစ်သည်။ ထို့အပြင် ရေယာဉ်တိုင်း၌ စက်ပိုင်းဆိုင်ရာ ကောင်းမွန်ရေး၊ သတ်မှတ်တန်ခိုန်အတိုင်းတင်ရေး၊ ဝန်ထမ်းပြည့်စုံမှုရှိရေးတို့ကိုလည်း ဂရုပြုလိုက်နာကြရမည်ဖြစ်သည်။

သင်္ဘောများ ရေကြောင်းခရီးသွားလာနေစဉ် မိုးတိမ်တောင်ကြီးများတွေ့မြင်ရပြီး မိုးမြေမိုးသဲကြားခြင်း၊ ဝေးနေသော်လည်း လျှပ်စီးလက်ခြင်းတို့ဖြစ်ပေါ်လာပါက ညနေပိုင်းများ၌ စိုက်ဆင်းလေပြင်းမျိုး တိုက်ခတ်နိုင်ကြောင်း သတိပြုသင့်ပေသည်။

သင်္ဘောခုတ်မောင်းနေစဉ် မိုးကာကြီးများခဲ့ထားခြင်း၊ သတ်မှတ်ကုန်ခိုန်ထက်ပိုမိုတင်ဆောင်ခြင်းတို့သည် လေပြင်းဆောင့်တိုက်ပါကတိမ်းမှောက်သွားနိုင်သဖြင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်ကာကွယ်မှု၊ အသိပညာပေးနှိုးဆော်မှုများ ပြုလုပ်နေကြရမည်ဖြစ်သည်။ မိမိရေယာဉ်တင်ဆောင်နိုင်သည့် ဝန်အားနှင့် စက်အားကိုချင့်ချိန်ခြင်း တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရန်လည်း လိုအပ်သည်။

ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်များသည် အချိန်အခါမရွေး ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ချောင်းအနီးဝန်းကျင်ဒေသများ၌ နေထိုင်သူများ အစဉ်သတိပြုကြရမည်ဖြစ်သည်။ ရေကြောင်းပို့ဆောင်ရေးဌာနဆိုင်ရာများ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များ သတ်မှတ်စည်းကမ်းနှင့်အညီ ကြပ်မတ်လိုက်နာ ဆောင်ရွက်ကြခြင်းဖြင့် ရေကြောင်းသွားခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော် (ကြည်းရေလေ) ဂျူဒို၊ ကျွမ်းဘား ပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၄

၂၀၀၉ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပိုင်း တပ်မတော်(ကြည်းရေလေ) ဂျူဒိုကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)



အဂါဒေးရွာအုပ်စု ညောင်ချောင်းကျေးရွာမှ တောင်သူတစ်ဦး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးစာလိုသည့် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်များကို လက်ခံရရှိနေကြောင်း လက်မှတ်ရေးထိုးစဉ်။

(ကြက်ခြေနီ)

မြန်မာနိုင်ငံကြက်ခြေနီအသင်းက တောင်သူလယ်သမားများအား ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်များ ပေးအပ်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တောင်သူလယ်သမားများအား ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်များ ပေးအပ်ပွဲကို ဇွန် ၁၇ ရက်က ဧရာဝတီတိုင်း မအူပင်မြို့နယ် အဂါဒေးရွာအုပ်စု ညောင်ချောင်းကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဌာနမှူးများ၊ ညှိနှိုင်းရေးမှူး ဒေါက်တာ အောင်ကျော်ထွန်း၊ မြန်ကြားဆက်သွယ်ရေးဌာန ဌာနမှူး ဒေါ်ရွှေစင်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မအူပင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဝင်းငွေ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မအူပင်မြို့နယ် နာဝစ်လေဘား ပြန်လည်ထူထောင်ရေးရုံးခွဲ ရုံးခွဲမန်နေဂျာ ဒေါ်ခင်ခင်စိုးနှင့် တာဝန်ရှိသူများ၊ မအူပင်မြို့နယ် အဂါးကျေးရွာအုပ်စု ကျေးရွာအုပ်စုဝတ္ထက္ဌ ဦးလင်းအောင်နှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဌာနမှူးများ ညှိနှိုင်းရေးမှူးက အဂါးကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမား ဧဝဦးအတွက် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးစရိတ်များကို ပေးအပ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နာဝစ်လေဘား ပြန်လည်ထူထောင်ရေး လုပ်ငန်း အစိတ်အပိုင်း တစ်ရပ်အဖြစ် ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ တွံတေး၊ ကော့မှူး၊ ကျိုက်လတ်နှင့် မအူပင်မြို့နယ်များမှ တောင်သူလယ်သမား ၎ဝဝဝအား တစ်ဦးလျှင် ယူနီယားဓာတ်မြေဩဇာ ကီလို၇၆၀၊ တီအက်စ်ပီဓာတ်မြေဩဇာ ၂၂ ကီလို၇၆၀၊ အမ်အက်စ်ပီဓာတ်မြေဩဇာ ၁၂ ဒသမ ၅ ကီလို၇၆၀နှင့် ဖျိုးစေ့၊ အလုပ်သမားခနှင့် အသေးစားကိရိယာများဝယ်ယူရန်အတွက် စိုက်ပျိုးစရိတ်အဖြစ် ငွေကျပ် ၅၀၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ ၂။ ကျန်းမာမို့အတူကစားစို့
၆း၃၀ ၃။ နံနက်ခင်းသတင်း
၇း၃၀ ၄။ သံသာဆို့အေးမင်္ဂလာတေး
၈း၀၅ ၅။ အကယဒေသာ
၈း၁၅ ၆။ **"အိုးပိုင်အိမ်ပိုင်" (ဉတ်ပျောက်ကြော်၊ အောင်လွင်၊ ရန်ပိုင်စိုး၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-အောင်ဇော်)**
၈း၃၀ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈း၄၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး။

ညနေပိုင်း

၄း၀၀ ၁။ စစ်ဦးတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၃။ ချစ်စရာအရွယ်ကကြိုးသွယ်
၄း၃၀ ၄။ "ငါးရစ်မြို့ငါးတို့မောင်"
၄း၄၅ ၅။ အဂေးသင် တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဧဒေါ်ဝေးရေးပညာအိမ်တွင်းဧဒေါ်ဖွားအထူးပြုများ) (ဧဒေါ်ဖွားရေးပညာ)
၅း၀၀ ၆။ မြို့ခေါ်စိတ်ဓာတ်ရင်သန်ခက် မြက်ရေတေးများ အရေးပိုင်ပွဲ
၅း၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅း၃၀ ၈။ တေးဂီတအစီအစဉ်
၅း၅၀ ၉။ **"ထူးချွန်အားထားမြန်မာအမျိုးသမီးများ" (အပိုင်း-၂)**
၆း၀၀ ၁၀။ ကြယ်မှင်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ **ပေါ့ရွှင်ဧစေသောနေ့ရက်များ "သီချင်းဟဲနည်း" (ဗိုးနန်အောင်၊ သူရဝင်း၊ ချစ်စု၊ ငွေစန္ဒာ) (ဒါရိုက်တာ အောင်ကျော်သူရ)**
၆း၅၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချင်းကပ်ခြင်း
၇း၃၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာရင်ခွင်" (အပိုင်း-၂၁)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၃၄)**
၂၁။ အစီအစဉ်ပြီး။

ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ပေးအပ်

ရန်ကုန် ဇွန် ၂၄

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများ ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ တက္ကသိုလ် အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူ ၄၈ ဦးအတွက် ပညာသင်စရိတ် ငွေကျပ် ၁၈၁၀၀၀နှင့် ကျောင်းဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူးများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံခဲ့သည်။

(အပေါ်ပုံ) (မြို့နယ်ထွေ/အုပ်)

အမှတ်(၆)အခြေခံပညာမူလတန်းကျောင်း ပုဇွန်တောင်၏ ကျောင်းတွင်း အာဟာရမွဲ့ပြီးမှု အစီအစဉ်အရ ဇွန် ၁၉ရက်က ဦးစိန်ထွန်း-ဒေါ်မာမာဝင်း နှင့်သမီး ပထမတန်း(က)မှ မကေရီထွန်း မိသားစုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းတို့ မုန့်ဟင်းခါးအာဟာရ ကျွေးမွေးစဉ်။

(၇၆)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၄ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပရာ နံနက်ပစာဝေပန်းကို ကျောင်းသား။ ကျောင်းသူများ ကြည့်ရှု လေ့လာကြစဉ်။

(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ၆ ရက် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွန်အင်ဂြင်းခံရသော သံအမတ်ကြီးအဖြစ် ဗိုလ်ချုပ် အာနု ကူမား ချက်ခံမာအားခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

ဗိုလ်ချုပ် အာနု ကူမား ချက်ခံမာသည် ၁၉၅၆ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် မွေးဖွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်တပ်မတော်တွင် ၁၉၇၇ခုနှစ်မှ စတင်၍ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် အမျိုးသားတက္ကသိုလ်မှ ကာကွယ်ရေးဆိုင်ရာ လေ့လာမှု မဟာဘွဲ့ကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ကုလသမဂ္ဂ ကျော်ကျိယာဆိုင်ရာ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ၁၉၉၇ခုနှစ်မှ ၁၉၉၈ခုနှစ်ထိ ပါဝင်ခဲ့သည်။ လက်ရှိတွင် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်ဂရင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦး သားတစ်ဦးရှိသည်။ (သတင်းစဉ်)

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံပိုင် MV Dumangang ကုန်တင်သင်္ဘော ဆန်များသယ်ဆောင်ရန် အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရန်ရှိ

နေပြည်တော် ၆ ရက် ၂၄

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံပိုင် MV Dumangang ကုန်တင်သင်္ဘောသည် မြန်မာနိုင်ငံတွင် ဆန်တန်ခိုန် ၈၀၀၀ခန့် သယ်ဆောင်ရန် အတွက် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့မှ မြန်မာနိုင်ငံသို့ ၆ ရက် ၂၇ရက်ဝန်းကျင်ခန့်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းများထုတ်လွှင့်

သို့သော် ယခုရက်ပိုင်းအတွင်း ပြည်ပသတင်းဌာနများက ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံပိုင် Kang Nam ကုန်တင်သင်္ဘောသည် ၆ ရက် ၁၇ရက်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ မင်ပိုဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ဦးတည်ခုတ်မောင်းလျက်ရှိကြောင်း သတင်းများထုတ်လွှင့်လျက်ရှိသည်။

ပြည်ပသတင်းဌာနများက ထုတ်လွှင့်လျက်ရှိသည့် Kang Nam ကုန်တင်သင်္ဘောနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ သတင်းတစ်စုံတစ်ရာရရှိခြင်း မရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားများသို့ တက်ရောက်အားပေး

ရန်ကုန် ၆ ရက် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားများသို့ တက်ရောက်၍ လှည့်လည်ကြည့်ရှုအားပေးပြီး သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း ဒေးဒုမ်းသာယာရေးနှင့် မြို့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၈နာရီတွင် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များမဟာရုံရပ်ရောက်အတွင်း၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးခြင်းရာ တိုင်းသစ်တောဦးစီးဌာနညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ပျိုးပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က သစ်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမှတ်တရစိုက်ပျိုး

ထို့မတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ် သစ်တောဇုန်အတွင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၊ ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ် သစ်တောဇုန်အတွင်း၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ ရောက်ရှိလာသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များမဟာရုံရပ်ရောက်အတွင်း၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးခြင်းရာ တိုင်းသစ်တောဦးစီးဌာနညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ပျိုးပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမှတ်တရစိုက်ပျိုး

ထို့မတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ် သစ်တောဇုန်အတွင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်နွယ်နီစမ်း ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (အကျဉ်းဦးစီး)

✻ အီကျစ်ဆေးရည်စိမ်မှ

မိုက်ဘရာဆယ်လ်တို့သည် ချီကာဂို တက္ကသိုလ်ကပိုင်ဆိုင်သော ရေးဟောင်း အီကျစ် ဆေးရည်စိမ်ရုပ်အလောင်း၏ ဦးခေါင်းခွံကို စီတီစကန် (CT-Scan) ရိုက်ကူးကာ မူလမျက်နှာပုံသဏ္ဌာန် အဖြစ်သို့ ပြန်လည်အသက်သွင်းနိုင်ခဲ့သည်။

စီတီစကန်ပုံရိုပ်များကို အခြေခံကာ မူလမျက်နှာအသွင်အပြင်ကို ပန်းချီပညာဖြင့် ရေးဆွဲနိုင်ရန် ကြိုးပမ်းနိုင်ခြင်းဖြင့် ယဉ်ကျေးမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ခေတ်မီတိုးတက်လာမည်ဖြစ်သည်။

သရုပ်ဖော်ရေးဆွဲ

မှုခင်းရေးရာ ပန်းချီပညာရှင် နှစ်ဦးသည် မာရီဆာမန် (Meresamun) အမည်ရှိ ရေးဟောင်း အီကျစ်ဆေးရည်စိမ်ရုပ်အလောင်း၏ ဦးခေါင်းခွံအား စီတီစကန်ရိုက်ကူးကာ သုံးဖက်မြင် ဒီဂျစ်တယ်ပုံများကို ထုတ်ယူခဲ့ပြီး ပန်းချီပညာဖြင့် သရုပ်ဖော်ရေးဆွဲခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် မာရီဆာမန် ဆေးရည်စိမ်ရုပ်အလောင်း၏ မျက်နှာအား မူလသက်ရှိလူသား၏ မျက်နှာအဖြစ် သို့ သရုပ်ဖော်သည့် လုပ်ငန်းကို သီးခြားစီဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ပေါ်ထွက်လာသော သရုပ်ဖော်ပုံများမှာ တစ်ပုံနှင့် တစ်ပုံ တူညီနေသည်ကို ထူးထူးခြားခြား တွေ့မြင်ရသည်။

မာရီဆာမန်သည် ဘီစီ ၈၀၀ခန့်က ရေးဟောင်း အီကျစ်နိုင်ငံ သီးဘီးမြို့ (Thebes) (ရေးဟောင်းလပ်ဆောမြို့)ရှိ ဘုရားကျောင်းတစ်ကျောင်း၌ အဆိုတော်အဖြစ် အမှုထမ်းရွက်ခဲ့သည့် သီလရှင်တစ်ဦးဖြစ်သည်။ မာရီဆာမန်သည် အသက် ၃၀အရွယ်ခန့်တွင် သေဆုံးသွားသည်။ မာရီဆာမန်ဆေးရည်စိမ်ရုပ်အလောင်းကို ချီကာဂိုတက္ကသိုလ် အောက်ရှိ အရှေ့တိုင်းယဉ်ကျေးမှု ပြတိုက်က ပြုခဲ့သည့် ဖေဖော်ဝါရီလတွင် အထူးပြပွဲအဖြစ် ခင်းကျင်းပြသခဲ့သည်။ အမေရိကန်နိုင်ငံသားတစ်ဦးသည် ယင်း ဆေးရည်စိမ်ရုပ်အလောင်းကို ၁၉၂၀ ပြည့်နှစ်က အီကျစ်နိုင်ငံ ခရီးစဉ်အတွင်း ဝယ်ယူခဲ့သည်ဟု ဆိုသည်။

အင်တာနက်။

ဟော့ရှော့ ပြိုင်ဘက်မရှိ ရုံပြည့်ရုံလျှံအောင်ပွဲခံ

ရန်ကုန် ၆ ရက် ၂၄

ယခု သောကြာဝတ် ၆ ရက် ၂၆ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သော သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် လပ်ပီးဆဲဝင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်းစီဝဉ်ပြီး ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် **ဟော့ရှော့ ၂** ဟာသဇာတ်ကားပင် ပရိသတ်အားပေးမှုမြင့်မားဆဲဖြစ်၍ စတုတ္ထပတ် မြောက် ဆက်လက်ပြသမည်ဖြစ်သည်။ ယနေ့ထက်တိုင် ပရိသတ်၏ တစ်ခဲနက် အားပေးမှုက ပွဲတိုင်းလိုလိုပင် ရုံပြည့်ရုံလျှံဖြစ်နေခဲ့ရာ ပဥ္စမပတ်မြောက်အထိ ဆက်လက်ရုံတင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ သူ့ဇာတ်၊ မိုးအောင်ရင်၊ ပို့မိုမြင့်အောင်၊ မောသန်းန၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ မယ်လိုဒီ၊ ဇေလုဝ၊ ပွင့်နန်းဆုရတီစိုး၊ ကင်းကောင်နှင့် ကျော်ထူးတို့ ခေါင်းဆောင်ပါဝင်ကြသည်။

နိဒါန်းခြားရုပ်ရှင်

နေပြည်တော်ရုံတွင် စက်ရုပ်များ၏ အုံ့မခန်းစွမ်းအားကို စစ်ရေးတွင် အသုံးချလိုသူအုပ်စုတစ်စုနှင့် အမေရိကန်စစ်တပ်တို့ အပြန်အလှန်ပူးတွဲပြုလုပ်ကြပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် TERMINATOR 4 SALVATION ဇာတ်ကားနှင့် ရွှေဆောင်ရုံတွင် ဂါမာရောင်ခြည်အဆိပ်သင့်မှုကြောင့် ခန္ဓာကိုယ်တွင်း ကလာပ်စည်းများ ဖောက်ပြန်ကာ လူသန်ကြီးဘဝရောက်သွားရသည့် သိပ္ပံပညာရှင်တစ်ဦး၏ အုံ့မခန်း စွမ်းအားပိုင်ဆိုင်သည့်ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော လျှို့ဝှက်သဲဖို သိပ္ပံပညာပေး THE INCREDIBLE HULK ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင်ရုံတွင် အိန္ဒိယစုပေါစတား မင်းသား ရာဂုနီးကန့်ပါဝင်သည့် ထူးခြားဆန်းကြယ် ဝိညာဉ်ဇာတ်ကား ဖြစ်သည့် CHANDRAMUKHI ဇာတ်ကား၊ မြို့မရုံတွင် နာမည်ကြီး ဝါရင့်သရုပ်ဆောင် အမီတာဘချမ်း ခေါင်းဆောင်ပါဝင်သည့် အချစ် စွန့်စားမှုအသားပေး KOHRAM ဇာတ်ကားများ ပြသမည်ဖြစ်သည်။

တစ်ကျော့ပြန်

တစ်ကျော့ပြန် မြန်မာဇာတ်ကား အဖြစ် မြို့လယ်ဝဇီရာ၊ လှိုင်သာယာဝဇီရာ၂ ရွှေမန်းနှင့် သီတာရုံတို့တွင် **ကဝေဖျိ၏ဝစ္ဆပုန်** ဟာသဇာတ်ကား ပြသမည်ဖြစ်သည်။

သမ္မတရုံတွင်ပြသသည့် ဟော့ရှော့ ၂ ဇာတ်ကားကို လာရောက်အားပေးကြသည့် ပရိသတ်များအား သရုပ်ဆောင်များနှင့်အတူ တွေ့ရစဉ်။

အာဖဂန်အရှေ့ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား အရပ်သူ အရပ်သားနှစ်ဦးသေ၊ လူ ၂၀ ကျော် ဒဏ်ရာရ

ကာဘူး ဇွန် ၂၄

အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာ ပြည်နယ်တွင် ဇွန် ၂၂ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားရာ အရပ်သားနှစ်ဦးထက်မနည်း သေဆုံးပြီး အခြားလူတစ်ဒါဇင်ကျော် ဒဏ်ရာရခဲ့ကြောင်း သက်ဆိုင်ရာက ပြောကြားသည်။

ယင်းမတော်တဆမှုသည် ဂျာလာလာဘတ်မြို့တော် အပြင်ဘက်ရှိ ပြည်သူများထံမှ သိမ်းဆည်းထားသော လက်နက်သို့လှောင်ရုံတစ်ခုအတွင်း နံနက် ၅ နာရီ မိနစ် ၃၀ ၌ ဖြစ်ပွားရာ လူ ၂၀ ဒဏ်ရာရခဲ့ကြောင်း ခရိုင်အရာရှိ အာမက်ဇီယာ အဗ္ဒုဇာက ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် လူနေအိမ်ခြေများနှင့် နီးစပ်လျက်ရှိပြီး အရပ်သားများအပေါ် ကပ်ဆိုက်မှုတစ်ရပ်ပင် ဖြစ်သည်။

သေဆုံးသူနှစ်ဦးအနက် ကလေးငယ်တစ်ဦးပါဝင်ပြီး ဒဏ်ရာရသူများတွင် အာဖဂန်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူ ဘက်ဇိမိုဟာမက်က ပြောကြားသည်။

ဒဏ်ရာရသူ ၁၀ ဦးမှာ ဆေးရုံမှ ဆင်းခွင့်ရပြီး ကျန်လူနာများမှာ ဆေးကုသမှု ခံယူဆဲဖြစ်ကြောင်း သိရသည်။

၂၀၀၁ ခုနှစ်က တာလီဘန်စစ်သွေးကြွများ၏ အုပ်ချုပ်မှု ပြိုကွဲသွားပြီးနောက် ဆက်လက်ဖြစ်ပွားသော စစ်ပွဲကြောင့် ဖရိုဖရဲဖြစ်နေသော တိုင်းပြည်တွင် အစိုးရနှင့် နိုင်ငံခုံတပ်ဖွဲ့များအပေါ် ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုစည်လျက်ရှိသည်။

အင်တာနက်။

အီရတ်စစ်ပွဲကြောင့် ဓာတ်အားပေးဝေရေးစနစ် ပျက်စီးခဲ့ရသဖြင့် အမှောင်ထဲ၌ နေထိုင်ကြသည့် အီရတ်နေအိမ်တို့ ကွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တွင် စစ်သွေးကြွများ လက်ချက်ဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၄

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ စစ်သွေးကြွများ၏လက်ချက်ဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့နှင့် ဂျူဒီယာအနီးရှိ ဆွန်နီအာရပ်သေနတ်သမားတို့ အပြန်အလှန် ပစ်ခတ်သော တိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်ခုစ်ဦး သေဆုံးကြောင်း သိရသည်။

ဇွန် ၂၀ ရက်က စစ်ဆေးရေးဗိတ်တစ်ခုတွင် တာဝန်ကျနေသော ရဲတပ်ဖွဲ့ဝင်များအား သေနတ်သမားများက အသံတိတ် ပစ္စတိုများဖြင့်ပစ်ခတ်ခဲ့ရာ ၎င်းတို့အနက်မှ လေးဦးသည် အခင်းဖြစ်ပွားရာနေရာမှ မထွက်မြေးမီတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံ ဝန်ကြီးချုပ် အယ်လ်မာလီကီက စစ်သွေးကြွများသည် လုံခြုံရေးတပ်ဖွဲ့များ မလုပ်သိမ်းမီ တိုက်ခိုက်မှုများ အရှိန်မြှင့်တင်လာနိုင်ကြောင်း သတိပေးပြောကြားသည်။

အီရတ်တွင် အသေခံတိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားနေရာ စစ်ပွဲကြောင့် ဖရိုဖရဲဖြစ်နေသော တိုင်းပြည်တွင် ရိုးယိုက်နှင့် ဆွန်နီစစ်သွေးကြွများ၏ သောင်းကျန်းမှုများကို နှိမ်နင်းရန်နှင့် လုံခြုံရေးအတွက် ထိန်းချုပ်ရန် အမေရိကန်တပ်ဖွဲ့များထံမှ အီရတ်လုံခြုံရေးတပ်ဖွဲ့များက လွှဲပြောင်းတာဝန်ယူခဲ့သည့်အပေါ် သံသယဖြစ်ဖွယ်ပင်ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဆာဒါမ်ဟီးဗြို့တွင် အသတ်ခံထားရသည့် အီရတ်ပြည်သူအချို့တို့ ပြည်သူများ ပိုင်းခန်းကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်၌ ပုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲ အရပ်သားခြောက်ဦး သေဆုံး

ကာဘူး ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက်ရှိ ခွဲစိပြည်နယ်တွင် ဇွန် ၂၂ ရက်က အသေခံဒုံးနှစ်လုံးပေါက်ကွဲမှုကြောင့် ခြောက်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း၊ သေဆုံးရသူအားလုံးမှာ အရပ်သားများ ဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်ဦးက ပြောကြားသည်။ ခွဲစိပြည်နယ်မြို့တော် ခွဲစိမြို့ရှိ လျှပ်စစ်ဓာတ်အားပေးဌာနအား မော်တော်ဆိုင်ကယ်စီးနင်းကာ အသေခံဒုံးဖောက်ခွဲပြီးနောက် ခြေကျင်လျှောက်လာသည့် အသေခံဒုံးဖောက်ခွဲခဲ့ရေးသမားတစ်ဦးက ထပ်မံဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

အသေခံ ဒုံးဖောက်ခွဲရေးသမားများသည် အစိုးရရုံးဌာနနှင့် ရဲစခန်းတို့ အပါအဝင် အစိုးရအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်သော်လည်း ယင်းနေရာများသို့ ရောက်ရှိမည်မဟုတ်ကြောင်း ရဲအရာရှိက ပြောကြားသည်။ ယင်းဒုံးနှစ်လုံး ပေါက်ကွဲမှုများအတွက် အုပ်စုသို့မဟုတ် အဖွဲ့ဝင်တစ်ခုချင်းတို့က မည်သူလက်ချက်ဖြစ်သည်ကို အခိုင်အမာ ပြောကြားခြင်း မရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ပုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား ပြည်သူငါးဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၄

ဇွန် ၂၂ ရက် အစောပိုင်းနှင့် ဇွန် ၂၁ ရက်နှောင်းပိုင်းတို့တွင် ဘဂ္ဂဒက်မြို့၌ ပုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာ အရပ်သားငါးဦး သေဆုံးပြီး အခြား ၂၈ ဦး ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း ဆာဒါမြို့အနီးရှိ အယ်ဟမ်ဇာဒေသအနီးတွင် နံနက်ပိုင်းက ခရီးသည်များ တင်ဆောင်လာသော ကေအိုင်အေ မီနီဘတ်စ်ကားတစ်စီး၏ အနီးတွင် လမ်းဘေးပုံးပေါက်ကွဲမှု ဖြစ်ပွားရာ အရပ်သားသုံးဦး သေဆုံးပြီး အခြား ၁၂ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ထို့ပြင် အရပ်သားများ မောင်းနှင်လာသော ကားသုံးစီးမှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ အလားတူပင် မြို့တော်အရှေ့ပိုင်းရှိ အယ်ဟာဘီဘီရပ်ဒေသအနီးရှိ လမ်းမကြီးပေါ်တွင် အခြားလမ်းဘေးပုံး ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားသုံးဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်၌ ပုံးပြင့် တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံးပြီး လူ ၅၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇွန် ၂၂ ရက်က ကားပုံးနှင့် လမ်းဘေးပုံးတို့ဖြင့် တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံးပြီး လူ ၅၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ် ကာရာဒါခရိုင်တွင် ကားအတွင်း ဝှက်၍ထောင်ထားသော ထောင်ချောက်ပုံးပေါက်ကွဲမှုကြောင့် ငါးဦးထက်မနည်း သေဆုံးပြီး လူ ၂၀ခန့် ဒဏ်ရာရရှိကြောင်း၊ အလားတူ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ရာအက်ရပ်ကွက်ရှိ လူစည်ကားရှေ့ထွေးသော ဈေးတစ်ခုခွင် လမ်းဘေးပုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး လူ ၃၀ ဒဏ်ရာရရှိကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နိုင်ငံ ကာဘူးမြို့တွင် ပုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် ဒဏ်ရာရရှိသူ လူငယ်တစ်ဦးအား ဆေးကုသရန် စီစဉ်နေသည်ကို ကွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ် မငြိမ်မသက်မှုများကြောင့် သေဆုံးဒဏ်ရာရမှု

ဘဂ္ဂဒက် ဇွန် ၂၄

ဘဂ္ဂဒက် - အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့စွန်မြောက်ပိုင်း ဟူစိန်နီးယားရပ်ကွက်ရှိ ဟင်းသီးဟင်းရွက်ဈေးတွင် ပုံးတစ်လုံးပေါက်ကွဲရာ ငါးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

တယ်ကွတ် - ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၅၅ မိုင်အကွာ ကယ်ကွတ်မြို့၏ အနောက်တောင်ဘက် စစ်ဆေးရေးစခန်းတစ်ခုကို ပစ်ခတ်သွားသော သေနတ်သမား၊ဗုံးကြဲသမားများ၏နောက်သို့ အယ်လ်ခိုင်ဒါဆန်ကျင်းရေး ဆွန်နီအာရပ်လက်နက်ကိုင်များကလိုက်ရာ လမ်းဘေးပုံးပေါက်ကွဲသဖြင့် ဆွန်နီတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက် - ဘဂ္ဂဒက်မြို့လယ် ကာရာဒါခရိုင်တွင် ကားပုံးပေါက်ကွဲသဖြင့် ငါးဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘဂ္ဂဒက်မြို့အနောက်ပိုင်း အာဘူဂါရစ် စည်ပင်သာယာ အဆောက်အအုံ၏ အပြင်ဘက်တွင် အသေခံဒုံးဖောက်ခွဲသဖြင့် ခုနှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူး - ဘဂ္ဂဒက်မြို့ မြောက်ဘက်မိုင် ၂၄၀ အကွာရှိ မိုဆူးမြို့အရှေ့ပိုင်း စစ်ဆေးရေးစခန်း၌ အီရတ်တပ်ဖွဲ့ဝင်များအား သေနတ်သမားများက ပစ်ခတ်သွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ မိုဆူးမြို့လယ်တွင် ရဲတပ်ဖွဲ့ဝင်များအား သေနတ်သမားများက ပစ်ခတ်ရာ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုဆူး - မိုဆူးမြို့လယ်တွင် ဦးခေါင်း၌လည်းကောင်း၊ ရင်ဘတ်၌လည်းကောင်း သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသော လူသေအလောင်းတစ်လောင်းကို တွေ့ရှိရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ခါနာကင် - ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၁၀၀ အကွာရှိ ခါနာကင်မြို့ အနီးတွင် လမ်းဘေးပုံးပေါက်ကွဲခြင်းကြောင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသည်ဟု ကြည်းတပ်တပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက် - ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းခရိုင် ဆာဒါစီးတီး၏ အယ်လ်ဟန်ဇာရဲပြင်အနီး ရဲတပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားကို ပစ်မှတ်ထား၍ လမ်းဘေးပုံးခွဲတိုက်ခိုက်ရာ အရပ်သားသုံးဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ သေဆုံးသူများသည် အနာမဲ့ဖြတ်သွားသော ဘတ်(စ်)ကားငယ်တစ်စီးအတွင်းမှ ကျောင်းသားများဖြစ်ကြသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဟာဗီဗီယာခရိုင်တွင် လမ်းဘေးပုံးတစ်လုံး ပေါက်ကွဲသဖြင့် သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရွိုက်တာ။

အီရတ်နိုင်ငံ ဗဟုဂျာဒုကွသည်စခန်းတွင် မျှော်လင့်ချက်ကင်းမဲ့နေသည့် အီရတ်ပြည်သူများကို ကွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

❖ ကျောက်ဖုံးမှ

အခုတပ်မတော်အစိုးရ လက်ထက်ကျမှ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးမှုများကလဲ အရှိန်အဟုန်နဲ့ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ ဒီလိုဖွံ့ဖြိုးအောင်လဲ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)က နယ်မြေဖွံ့ဖြိုးရေးအတွက် နှစ်စဉ် ကျပ်သိန်းပေါင်းများစွာ စိုက်ထုတ်ရင်းနှီးခဲ့ရသလို ယခုနှစ် ၂၀၀၈ ဇွန်မှ ၂၀၀၉ ဧပြီအထိ ကျပ် ၂၇၁၆ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်လျက်ရှိနေပါတယ်" ဟု စကားနိဒါန်းပျိုးခဲ့သည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယပြည်နယ်မန်နေဂျာ ဦးမြအောင်က "ဒေသရဲ့ စိုက်ပျိုးရေးက အများကြီး ပြောင်းလဲတိုးတက်လာပါတယ်။ ယခင်က ဘိန်းစိုက်တဲ့ဒေသတွေမှာ အခု နွေစပါး၊ မိုးစပါးအပြင် ပဲမျိုးစုံနဲ့ အစားထိုး စိုက်ပျိုးလာကြပါပြီ၊ ၁၉၈၈ခုမတိုင်မီက စိုက်ပျိုးမြေ ၁၇၀၀၀၀ သာ ရှိခဲ့ရာက အခု စိုက်ဧက ၅၁၀၀၀၀ ကျော် ဖော်ထုတ်နိုင်ခဲ့တဲ့ အတွက် ဒေသရဲ့ စီးပွားရေးလူမှုရေးမှာ အသွင်ရော အဖြင်ပါ ပြောင်းလဲနေပါပြီ" ဟု ဆိုသည်။

သည်တွင် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)မှ စိုက်ပျိုးရေးတာဝန်ခံ ဦးထွန်းလင်းက "တစ်ခို့နိုက ဒီဒေသမှာ ရော်ဘာစိုက်ပျိုးမှု သိပ်မရှိခဲ့ပါဘူး။ အခုနောက်ပိုင်း အကျိုးအမြတ်များစွာ ဖြစ်ထွန်းလာတဲ့အတွက် စိုက်ဧက ၇၀၀၀၀ ကျော်မှာ ဩပိုင်ရှင် ၂၃၃၀ က စိုက်ပျိုးနေပါတယ်။ ဒါ့အပြင် ဧက တစ်သိန်း ပြည့်မီအောင် စိုက်ဖို့ကိုလဲ စီစဉ်နေပါတယ်"ဟု ဖြည့်စွက်ပြောကြား သည်ကို မှတ်သားမိသည်။

ကျန်းမာရေးဦးစီးဌာနမှ ဌာနခွဲ စာရေးကြီး "ဒေါ်နန်းအိုင်လာက ကျန်မာရေးကဏ္ဍမှာ ၁၉၈၈ ခုနှစ်အထိ ဆေးရုံပေါင်း ၁၄ ရုံသာ ရှိခဲ့ပါတယ်။ အခု ၂၆ ရုံအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါပြီ။ ကျိုင်းတုံခုတင် ၁၀၀ဆုံ ဆေးရုံကို ခုတင် ၂၀၀ဆုံအဖြစ် တိုးချဲ့ပြီး ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ မိုင်းလား၊ မိုင်းခတ်၊ မိုင်းယန်း၊ မက်မန်း၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းဖြတ်၊ မိုင်းဆွတ်၊ မိုင်းခေါ်

အရွယ်သုံးပါး မိန်းမသား၊ အလှဝေဖြာ မေမြန်မာ

ခင်လှမြင့် (စီမံ)

နှစ်စဉ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွန်မတို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲများ စီစဉ်တင်ဆက်နေသည်မှာ ခြောက်ကြိမ်ခန့်ပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရင်ထိုးတံဆိပ်တွင် မိန်းမသားသုံးဦး ကိုယ်စားပြုထားသည့်ပုံကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ယခုနှစ်တွင် ဤအချက်ကို အခြေခံ၍ တင်ဆက်မည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို **အရွယ်သုံးပါး မိန်းမသား၊ အလှဝေဖြာမေမြန်မာ** ဟု အမည်ပေးထားပါသည်။

ဘဘ ဘိုကလေးတင့်အောင် ကိုယ်တိုင် ၁၉၇၆-၁၉၇၇ ခုနှစ် ဝန်းကျင်က မိန်းမသားတို့ ဇာတ်လမ်းဆိုပြီး တေးစီးနိုး ထုတ်ခဲ့ဖူးပါ၏။ ထို့ပြင် ဒါရိုက်တာဦးသုခ၊ ဦးခင်စိုးတို့ ရိုက်ကူးသော ကျွန်မမှာမိန်းမသား၊ အားနဲ့သူပါရှင်၊ မွတ်စပေါက် စသည်ဖြင့် မိန်းမသားတို့၏ ပင်ကို ဗီဇစရိုက်များ ထင်ရှားပေါ်လွင်စေရန်၊ အိမ်ထောင်ရေးသင်ခန်းစာများရစေရန်၊ အနေအထိုင် အသွားအလာ ကျစ်လျစ်သိမ်မွေ့စေရန်၊ အသွားမတော် တစ်လှမ်း ဆိုသည့်အတိုင်း တစ်ချက်မှားပါက ရတက်မွာဖြစ်သွားနိုင်သည့် ဘဝနှင့်ရင်းလိုက်ရသည့် အမှားမျိုး မဖြစ်စေရန် စသည်ဖြင့် ရည်ရွယ်ပြသခဲ့သော ရုပ်ရှင်ကားများကို ကြည့်ခဲ့ရဖူးပါသည်။

မွေးကင်းစ အမျိုးသမီးကလေး အငယ်လေးမှစ၍ ဘဝနေဝင်ချိန် ရောက်နေသည့် အမျိုးသမီးကြီးများ အားလုံး မိန်းမသားများ ဖြစ်ကြပါသည်။ သို့သော်လည်း မိန်းကလေးတစ်ယောက်၏ သဘာဝနှင့် စိတ်ခံစားမှုကို စတင်သိရှိသည့် ဆယ်ကျော်သက်အရွယ်မှ အစပြုကာ လေကန်၏ အဖြစ်အပျက်အားလုံးကို အဆုံးအဖြတ် ပေးနိုင်သော ရင့်ကျက်တည်ငြိမ်သည့် အရွယ်အထိ မိန်းမသားများ၏ လှသထက်လှအောင် ဆင်ယင်ထုံးဖွဲ့ကြသည့် အသွင်အမျိုးမျိုးကို ရွေးချယ်တင်ဆက်ပေးသွားမည်ဖြစ်ပါ၏။ မောင်စိမ်းနောင်(လယ်ဝေး)၏-

“ခေတ်အဖြင် ခေတ်အထွေးနဲ့
အသစ် အဆင် အသစ် အသွေးကိုမှ
ရွေးလိုက်ခဲ့ခဲ့ပါ
ကြိုက်သမျှ အသွင်အဖြင်၊ လိုက်ရမှု တမင်မင်နဲ့
နင့်ယောင်္ကျားဟာဖြင့် အန္တရာယ်လမ်း
သို့မဟုပါ၊ တချို့မှ ပုံတူထပ်မျှ
စကတ်တို လည်ရင်ဟိုက်နဲ့ လိုက်မိကြ ရေစီးရာ
အရှည်ခရီးဟာဖြင့် အန္တရာယ်လမ်း
သတိယှဉ်ကွယ် အသိရင်ဝယ် ဆင်ခြင်တွေးလို့ရယ်
အသွေးယဉ် အသွင်လှစေဖို့၊ ရိုးရိုးပင် ပြင်ဆင်ကြပါကွဲ့”

အစဆိုသည့် တွေးဆဆင့်ကမ်း ကဗျာပါ စာသားလေးနှင့်အညီ သူအရွယ်နှင့်သူ သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်တတ်စေရန် ရည်ရွယ်၍ တင်ဆက်သွားမည် ဖြစ်ပါသည်။ ဒါရိုက်တာ မြတ်မြတ်ဦး၊ Star & Model Agency၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး၊ ရန်ကုန်တိုင်း ဗီဒီယိုအခန်းအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူး၊ Alpine၊ Fresh Aircon၊ Oramin-F တို့မှ ဝိုင်းဝန်းပူးပေါင်း စီစဉ်ထားကြပါသည်။ တစ်ခေတ်တစ်ခါက လွှမ်းလွှမ်းတောက် နာမည်ကျော် အကယ်ဒမီ မင်းသမီးကြီးများမှသည် ယနေ့ခေတ် တက်သစ်စ မင်းသမီးလေးများအထိ ပါဝင်တင်ဆက် ပြသမည်ဖြစ်ပါသည်။ ထို့ပြင် အကယ်ဒမီ မင်းသားကြီးများ၊ မင်းသားငယ်များလည်း ပါဝင်ကြမည်။ Star & Model Agency မှ မော်ဒယ်များက တင်ဆက်ပေးကြမည်။ ထို့အပြင် ပရိတ်သတ်များ မမြဲအဖေစရန် အဆိုတော်များကလည်း တေးသီချင်းအမျိုးမျိုးဖြင့် အားဖြည့် ကူညီပေးဦးမည်ဖြစ်ပါသည်။

ဤပြပွဲအား အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၇၊ ၂၈ ရက်နေ့များတွင် တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ မိန်းမသားဆိုသည်မှာ ပန်းတစ်ပွင့်နှင့်ပမာ တူပါသည်။ ဖူးစ၊ ငုံစ အရွယ်မှာလည်း ဖြတ်လတ်တက်ကြွပြီး နိုးသားစင်ကြယ်မှုကို တွေ့ရှိရပါသည်။ ပွင့်သည့် အရွယ်မှာလည်း အစွမ်းကုန်အလှများ ပွင့်ပြီး ငွေးငွေးစွင့်စွင့်ဖြင့် ကျက်သရေရှိလှပါသည်။ ငယ်စဉ်ကတည်းက သေသေချာချာ ပြုစုပျိုးထောင် ရေလောင်းပေါင်းသင်ရပါသည်။ ပိုးမွှားအန္တရာယ်၊ ရာသီဥတု အန္တရာယ်များမှလည်း ကာကွယ်ရ၏။ ဖူးငုံဖြစ်သည့် အခါမှာလည်း အခြားပြင်ပ ပယောဂ မဝင်အောင် ထိန်းရပြန်ပါသည်။ အရွယ် ရောက်ပြီး အလှစုံ၊ ပွင့်ဖတ်စုံ၊ အရောင်အသွေးစုံသည့် အရွယ်ရောက်ပြန်တော့လည်း ခူးခြင်ဆွတ်ခူးသူတွေက မနည်းလှပါ။ မိမိ၏အသွေးအမွေး ပြောင်မြောက်စွာ လှပမှုကလည်း အန္တရာယ်ကို ဖိတ်ခေါ်နေသယောင် ဖြစ်ပါသည်။ မိန်းမသားများအဖို့ နှင်းဆီပန်းကဲ့သို့ ဆူးများ ဝန်းရံနေမှသာ လွယ်လင့်တကူ အန္တရာယ်မကျရောက်နိုင်မှာ ဖြစ်ပါသည်။ ပန်းတော့ပန်းများ ဖြစ်ပါ၏။ နှင်းဆီပန်းကဲ့သို့ ဆူးများပိုင်းရံနေသည့် ပန်းများသဖွယ် မိန်းမသားများကို ဖြစ်စေချင်ပါသည်။

ယခုပြသမည့် ဝတ်စားဆင်ယင်မှုမှာ အမျိုးသမီးများကို နှင်းဆီပန်းနှင့်တင်စားပြီး ပြသသွားမည် ဖြစ်ပါသည်။ ၁၆ နှစ်မှ ၂၁ နှစ်အတွင်း၊ ၂၁ နှစ်မှ ၂၅ နှစ်အတွင်း၊ ၂၅ နှစ်မှ ၃၅ နှစ်အတွင်း၊ ၂၅ နှစ်မှ ၃၅ နှစ်အတွင်း၊ ၂၅ နှစ်မှ ၃၀ နှင့်အထက်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ မပျက်၊ အနှီးပေါ် အရွက်မဖုံးစေသည့် လှပဆန်းသစ်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အဆင်အပြင်များကို အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များဖြင့် ထူးခြားလှပ ခမ်းနားစွာ တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အပြင် အမျိုးသမီးတို့၏ တစ်ချိန်ချိန်တွင် မလွဲမသွေရင်ဆိုင်ရမည့် မိခင်လောင်းဘဝ၊ ကိုယ်ဝန်ဆောင် တစ်ဦး၏ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကျန်းမာရေးနှင့် လည်းကိုက်ညီသော ဝတ်စားဆင်ယင်မှုပြကွက်ကို မေတ္တာနှင့်တက္ကသိုလ်ဝွမ်းပုံတို့က ရယ်ရွှင်ဖွယ်ရာ ဇာတ်လမ်း ဇာတ်ကွက်များဖြင့် တင်ဆက်ပေးသွားမည်ဖြစ်ပါ၏။ မြန်မာပြည်တွင်းဖြစ် အဝတ်အထည်များ၊ မြန်မာယဉ်ကျေးမှုတို့စုဝေးရာမန္တလေးရွှေဖြို့တော်ရှိမြန်မာ့ရက်ကန်စင်ထွက် ချိုင်အင်အမျိုးမျိုးကို အခြေခံ၍ မြန်မာအမျိုးသမီးတစ်ယောက်၏ ယဉ်ကျေးသိမ်မွေ့ဖွယ် အလှများကို ထုဆစ်ပုံဖော်ပေးမှာဖြစ်ပါ၏။ ဤပြပွဲကြီးသည် အရွယ်အလိုက်၊ ခေတ်အလိုက်၊ လှုံ့ဆိုလှုံ့ဆော် ယဉ်သထက် ယဉ်အောင်၊ ဆင်သထက်ဆင်တတ်ကြသည့် မိန်းမသားတွေအကြောင်း ညွှန်းပြထားခြင်း ဖြစ်ပါသည်။

ယနေ့အမျိုးသမီးများ ခေါင်းဖျားမှသည် ခြေဖျားအဆုံး အလှအပများ၊ ဝေဖြာလှပကြဖို့ ဆင်ယင်ကြသည့် နေရာတွင် **ဟီနီဩဇွပ္ပ** ဆိုသည့် တရားနှစ်ပါးကိုလည်း ထည့်သွင်းတန်ဆာဆင်မှု အပြစ်ပြောစရာမရှိအောင် ပြည့်စုံသည့်အလှ ရကြမည်ဆိုသည့်အသိကို သိရှိကြဖို့ လည်း အရေးကြီးလှပါသည်။

မျိုးဆက်သစ် မြန်မာအမျိုးသမီးငယ်လေးများ နိုင်ငံခြားတိုင်းပြည်များမှ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကို အတုခိုးမမှားစေရန် ရည်ရွယ်၍ **မြန်မာအမျိုးသမီး တစ်ဦးသည် မြန်မာဝတ်စုံကို မြန်မာလို့ဝတ်မှ အလှဆုံးဖြစ်သည်** ဆိုသည့် မှန်ကန်သည့်အမြင်ကို ဤပြပွဲဖြင့် မီးမောင်းထိုးပြသွားမည် ဖြစ်ပါသည်။

မြန်မာအမျိုးသမီးတို့သည် အသက်အရွယ်မရွေး မည်သည့်ခေတ်၊ မည်သည့်အခိုန်အခါမဆို အလှဆုံး၊ အယဉ်ဆုံး၊ အသန့်ဆုံးဖြစ်ခဉ်ပါက ထာဘီနှင့်အကျိုကို သာ အရင်းခံပြီး လှပစွာ ဆင်ယင်ထုံးဖွဲ့ကြပါဟု တိုက်တွန်းနှုးသား တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် Japan Cup တံခွန်စိုက်ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံနှံက အဓိက ကူညီပံ့ပိုးပေးသော Mekong-Japan Exchange Year 2009 ဂျပန်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် Japan Cup တံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရှေ့ဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးအား ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ပြီး မင်္ဂလာတောင်ညွှန့်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတို့အား ကျောင်းရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ မျိုးဆက် သစ်လူငယ်များက ကရာတေးဒိုအားကစားနည်းစနစ်များကို သရုပ်ပြသကြသည်။ ယင်းနောက် ခတအမျိုးအစား ပွဲစဉ်များနှင့် ကုမိတဲ့ အမျိုးအစားပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မော်ဘီ၊တိုက်ကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) မိုးရာသီ ပျက်စီးမှုလျော့နည်းစေရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဖြင့်သည် ဇွန် ၂၂ ရက်တွင် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ရန်ကုန်တိုင်း နယ်နိမိတ်၏ မိုင်တိုင်အမှတ်(၁၂/၃)သို့ရောက်ရှိရာ မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုးရာသီအတွင်း လမ်းပျက်စီးမှုလျော့နည်းစေရန် လမ်းဘေး ဝဲ၊ ယာတို့၌ ရေမြောင်းတူးခြင်း၊ မိုးရာသီအရိပ်ရပင်နှင့် လေကာ၊ နေကာ သစ်ပင်စိုက်မျိုးခြင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၂၀/၃)ယာယီရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇိမ်က မိုးရာသီအတွင်း လမ်းပြင်ဆင်ထိန်းသိမ်းထားရှိမှုနှင့် နှစ်စဉ်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်က တံတားများနှင့် ရေပြွန်များ ပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုးရာသီအတွင်း လမ်းပျက်စီးမှုလျော့နည်းစေရန် လမ်းဘေး ဝဲ၊ ယာတို့၌ ရေမြောင်း တူးခြင်းကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၁)ရှိ အရှည် ၂၂၅ ပေ၊ အကျယ် ၁၄ ပေရှိ ဥက္ကဟောင်းကူးသန်းသားတံတား ကြိုခိုင်မှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက် လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးပြီး မီးနှင်းချောင်းရှိ ရန်ကုန်တိုင်း အပိုင်းလမ်းတစ်လျှောက်တွင် မိုးရာသီအတွင်း လမ်းများမပျက်စီးစေရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါခရိုင်ချင်းဆက်လမ်း အမှတ်(၁) ရန်ကုန်တိုင်းအပိုင်းတွင် စုစုပေါင်းလမ်းအရှည် ၅၂ မိုင်၊ ခြောက်ဖာလုံ ရှိပြီး ကွန်ကရစ်လမ်း တစ်မိုင်၊ ကတ္တရာလမ်း ခုနစ်မိုင် လေးဖာလုံ၊ ဂဝလမ်း လေးမိုင် နှစ်ဖာလုံနှင့် ကျောက်ခွာလမ်း မိုင် ၄၀ ရှိရာ မိုးရာသီအတွင်း ပြည်သူလူထု သွားလာနိုင်ရေးအတွက် ပျက်စီးသွားသော လမ်းပိုင်းများကို ကျေးရွာလူထုနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အမြဲစောင့်ကြည့်၍ ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုတွင် တရားခံပြသက်သေနှစ်ဦးတို့အား ငြင်းပယ်ခဲ့သည့် အမိန့်နှင့် စပ်လျဉ်းသော ပြင်ဆင်မှုကို တရားရုံးချုပ်(ရန်ကုန်)၌ နှစ်ပက်အပြီးသတ် လျှောက်လဲချက်ကြားနာ

ရန်ကုန် ၆၆ ၂၄

အမေရိကန်နိုင်ငံသား Mr. John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်၄၇/၂၀၀၉တွင် တရားခံများဘက်မှတင်ပြသော သက်သေ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို ငြင်းပယ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏ အမိန့်ကို အတည်ပြုသည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်အပေါ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က မကျနစပ်သဖြင့် တရားရုံးချုပ်(ရန်ကုန်)တွင် ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ်၃၃၃(ခ)/၂၀၀၉ကို တင်သွင်းလျှောက်ထားခဲ့ရာ တရားရုံးချုပ်(ရန်ကုန်)က လျှောက်ထားသူများ၏ ရှေ့နေ ဦးကြည်ဝင်း၏ လျှောက်လဲချက်ကို ကြားနာပြီးနောက် ပြင်ဆင်မှုကို ဇွန် ၁၇ရက်က လက်ခံခဲ့သည်။

အဆိုပါ ပြင်ဆင်မှုကို ယနေ့ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်)၌ နှစ်ဖက်အပြီးသတ် လျှောက်လဲချက်ကို ကြားနာသည်။

စစ်ဆေးသင့်

လျှောက်ထားသူများအတွက် တရားရုံးချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက မိမိတို့ဘက်မှပြသသော သက်သေ(၄)ဦး အနက် ခရိုင်ရုံးအဆင့်တွင် သက်သေ(၃)ဦးတို့အား အကြောင်းပြချက်ထိတိကျကျ မှတ်တမ်းမတင်ဘဲ လပွထွာမှ ရှေ့နေ(လိုင်စင်ရုပ်သိမ်းခံရသူ) ဦးကြည်ဝင်းကိုသာ ဥပဒေပညာရှင်အဖြစ် စစ်ပေးမည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း၊ ကျန်သက်သေ(၃)ဦးကို မည်သည့်အကြောင်းကြောင့် ဒေါ်မငေးဟု အကြောင်းပြချက်ကို ဥပဒေအတိုင်း ရေးမထားသည့် အတွက်ကြောင့် မှားယွင်းကြောင်း၊ ယင်းအမှားကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်း တရားရုံးသို့ ပြင်ဆင်မှုတက်ရောက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်း တရားသူကြီးက ၎င်း၏ ဇွန် ၉ ရက်နေ့ ရက်စွဲပါ စီရင်ချက်တွင် မူလရုံးက နေ့စဉ်မှတ်တမ်းတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ၂၅၇(၁)ပြဋ္ဌာန်းချက်အရ အကြောင်းပြချက် ဖော်ပြမှုမပြခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ကြောင်း၊ တရားရုံးများလက်ခွဲအပိုဒ် ၁၁၁၅နှင့် အညီ ဆောင်ရွက်ထားခြင်းသာဖြစ်သည်ကို တွေ့ရသည်ဟု ဖော်ပြထားခြင်းမှာ မှားယွင်းနေကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ သက်သေစာရင်း တင်သွင်းကြသည်ဟု ဖော်ပြထားပြီး ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ အငြင်းပွားစရာအကြောင်း မရှိခဲ့ဟုလည်း တိုင်းတရားသူကြီး၏ စီရင်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို သက်သေပြခြင်းမှာ ပညာရှိတရားသူကြီးများ စဉ်းစားနေသော အကျင့်စာရိတ္တထက်မက နိုင်ငံရေးနှင့်စပ်ဆိုင်သော အကျင့်စာရိတ္တ(Political Character)အားလည်း ရည်ညွှန်းခြင်းဖြစ်သည်ကို တင်ပြလိုကြောင်း၊ Character ဆိုသော စကားလုံးနှင့် စပ်လျဉ်း၍ Judson ၏ အင်္ဂလိပ်-မြန်မာအဘိဓာန်တွင် Public Character ဟူ၍လည်း ဖော်ပြထားကြောင်း၊ ထို့ကြောင့် ကျဉ်းမြောင်းသည့် အဓိပ္ပာယ်မျိုး မကောက်သင့်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို စစ်ဆေးသင့်ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

ပလပ်သင့်

လျှောက်ထားခံရသူဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ဦးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်းက ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသော ဤအမှုသည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ သေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ၂၂ အရ စွဲဆိုသည့် အမှုဖြစ်ကြောင်း၊ ယင်းပုဒ်မအရ အရေးယူခြင်းမှာ ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မပါ တားဆီးခြင်းကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆို အရေးယူခြင်းဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းအပေါ် အရေးယူထားသော ကန့်သတ်မိန့် (သို့မဟုတ်) တားဆီးမိန့်ကို မဆန့်ကျင်ကြောင်း၊ မဖောက်ဖျက်ကြောင်းကိုသာ ထုချေဖြေရှင်းရန်သာဖြစ်ကြောင်း၊ ပြင်ဆင်မှု လျှောက်ထားချက်တွင် ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို သက်သေပြခြင်းမှာ နိုင်ငံရေးနှင့် စပ်ဆိုင်သော အကျင့်စာရိတ္တကို ရည်ညွှန်း၍ တင်ပြခြင်းဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယင်းဖော်ပြချက်အရဆိုပါက ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး အကျင့်စာရိတ္တ(Political Character)နှင့် စပ်လျဉ်း၍ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို တရားခံပြ သက်သေအဖြစ် စစ်ဆေးပေးလိုသည်ဟု တင်ပြခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၅၅၏ ရှင်းလင်းချက်တွင် ပုဒ်မ၅၂၊ ၁၃၊ ၅၄နှင့် ၅၅တို့၌ အကျင့်စာရိတ္တဆိုသော စကားရပ်တွင် ကျော်စောသတင်း(Reputation)နှင့် စိတ်နေသဘောထား(Disposition)တို့ပါဝင်သည်ဟု ရှင်းလင်းထားကြောင်း၊ ဤပုဒ်မများအလို့ငှာ အကျင့်စာရိတ္တဆိုသော စကားရပ်တွင် နိုင်ငံရေး အကျင့်စာရိတ္တ(Political Character)ဆိုသော စကားရပ်မပါဝင်ကြောင်း၊ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်းပြီး သက်သေခံချက် တင်ပြနိုင်ခွင့် ရှိသည်ဟု သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ တရားခံပြသက်သေအဖြစ် စစ်ဆေးပေးရန် တင်ပြခြင်းသည် တရားရုံးတွင် အနှောင့်အယှက်ဖြစ်စေရန်၊ ကြန့်ကြာစေရန် ရည်ရွယ်၍ တင်ပြခြင်းသာဖြစ်သည်ဟု ကောက်ယူနိုင်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ပြဋ္ဌာန်းချက်အရ တရားခံပြသက်သေများကို စစ်ဆေးရန် လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန်(သို့မဟုတ်) ကြန့်ကြာစေရန်(သို့မဟုတ်) တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်အလို့ငှာ ပြုလုပ်သည်ဟု ယုံကြည်ပါက ထိုလျှောက်ထားချက်ကို တရားသူကြီးက ငြင်းဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ တရားခံတင်ပြသော သက်သေအားလုံးကို တရားရုံးက ဆင့်ဆိုပေးရမည်ဟူ၍ တရားရုံးတွင် တာဝန်မရှိပါကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့နှစ်ဦးအား တရားခံပြသက်သေများအဖြစ် စစ်ဆေးပေးရန် လျှောက်ထားခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၇(၁)အရ ငြင်းပယ်သင့်ပါကြောင်း၊ သို့ပါ၍ ပြင်ဆင်မှုလျှောက်ထားခြင်းကို ပလပ်သင့်ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

လာရောက်ကြ

တရားရုံးချုပ်(ရန်ကုန်)၌ အပြီးသတ် လျှောက်လဲချက်ကြားနာရာတွင် လျှောက်ထားသူများဘက်မှ တရားရုံးချုပ်ရှေ့နေ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြယ်တို့လာရောက်ကြပြီး လျှောက်ထားခံရသူများဘက်မှ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)၊ ဦးစံလှကျော်(ဒုတိယညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)နှင့် ဦးအုန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)တို့ လာရောက်ကြသည်။

တရားရုံးချုပ်(ရန်ကုန်)က အဆိုပါပြင်ဆင်မှုနှင့် စပ်လျဉ်း၍ အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောင်လေဝေးဝေး မူးယစ်ဆေး

❖ သီလငါးဖြာ၊ တည်စိမ့်ငှာလျှင်
ရှေးမြန်မာမင်း၊ လက်ထက်တွင်းမှ
မခြွင်းမချန်၊ အမိန့်ပြန်၍
အဖန်ဖန်ရှင်း၊ ဘိန်းစိုက်ခင်းကို
ရှင်းလင်းခုတ်ဖယ်၊ အနယ်နယ်၌
ရန်စွယ်မူးယစ်၊ တိုက်ထုတ်ပစ်ကာ
မူးယစ်ဆန့်ကျင်၊ အောင်ပွဲဆင်ခဲ့။

❖ ကမ္ဘာ့ရန်ဘေး၊ မူးယစ်ဆေးကို
မနေ့အဖြန်၊ ဒို့တွန်းလှန်၍
အဖန်ဖန်တား၊ လူငယ်များလျှင်
စိတ်ထားကြံ့ခိုင်
ပန်းတိုင်ချိတက် အောင်ပွဲဆက်။

❖ ခေတ်သစ်ဦးဆီ၊ ချီကြမဆိုင်း
အလှမ်းတိုင်း၌၊ ပန်းရိုင်းကိုပစ်
ပန်းညစ်ကိုဖြေ၊ ပန်းကောင်းဝေစေ
၌မြေအေးမြ၊ ဘေးမခစေ
ကမ္ဘာ့ပန်းခင်း
မူးယစ်ကင်းစေ သင်းပျံ့နေ။ ။

မေသက်နွယ်ဦး (ဆေးဝါးတက္ကသိုလ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၉ (ကြာသပတေးနေ့)

AM/PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋာန်းပါဠိတော်+ဓမ္မသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"မိဘမေတ္တာသားလိမ္မာ" တရားတော်(မေတ္တာအေး ဆရာတော် အရှင်သုဇာတ)
၇း၀၀	MRTV-4 သတင်း
၇း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှင်သန်လာသောနှလုံးသား" (အပိုင်း-၄၂)**
၈း၃၀	We Can Talk(အနုပ္ပတ္တိဖြိုးလင်း၊ စောညီညီ၊ မိုးသူရ၊ ဇော်ဌေး)
၉း၃၀	Sports World (Canoeing)
၁၀း၀၀	အဘိမှောပြန်လွှားရေး အသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိမှော စာအောင်ဆုနှင်းသဘင်
၁၀း၁၅	Activities In The City(MRCS ၏ရွှမ်းဆောင်ချက် ရောဝတီတိုင်း မအူပင်မြို့နယ်အတွက်)
၁၀း၂၅	ကော်ဇောမှာအသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၅	Make In A Delicious Way (ရသာဆန်းပြားပီဇာအစား အစာများ) (အပိုင်း-၁)
၁၁း၂၀	ဆန်းသစ်ထိထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၅၅	Language Lab (အထက-၁၊ ၁ငုံ)
၁၂း၃၀	စားခုင်စဖွယ်ဒေသထုတ် ဇလွန်ခွင်းသုပ်
၁၂း၄၀	**အမွန်မြတ်ဆုံးလက်ဆောင် [နေခဲလင်း၊ နှင်း၃၊ မေနွဲ့သာခင်၊ စောနီင်(ရွှမ်းပြည်)၊ ဒေါ်တင်တင်လှ] [ဒါဒွိတ်တာ-မောင်မောင်မြင့်]**
၁း၀၀	"မိဘမေတ္တာသားလိမ္မာ" တရားတော် (မေတ္တာအေး ဆရာတော် အရှင်သုဇာတ)
၂း၀၀	MRTV-4သတင်း
၂း၄၅	Fashion Music Festival (Lip Stick Fashion)
၃း၃၀	ဂျူခဲ့အိုင်ဒီယာ၏ သမိုင်းကြောင်း
၃း၃၀	အဘိမှောပြန်လွှားရေး
၄း၀၀	အသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိမှော စာအောင်ဆုနှင်းသဘင်
၄း၅၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျား သုတေသနပြုလုပ်ငန်း
၄း၂၀	Activities In The City (MRCS ၏ရွှမ်းဆောင်ချက် ရောဝတီတိုင်း မအူပင်မြို့နယ်အတွက်)
၄း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Sky Lark ကုန်းစွယ်းမိတ်ဆက်ပွဲ)
၄း၅၀	ဆန်းသစ်ထိထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၅း၂၀	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၁၅	World of Knowledge (Situation Critical) (Assault On Entebbe))
၇း၀၀	Fashion Music Festival (Lip Stick Fashion)
၇း၄၅	Make In A Delicious Way (ရသာဆန်းပြားပီဇာအစား အစာများ)(အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Box Office Movies (Casino Royale)
၈း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Sky Lark ကုန်းစွယ်းမိတ်ဆက်ပွဲ)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှင်သန်လာသောနှလုံးသား" (အပိုင်း-၄၂)**
၁၀း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ် 1. AIR Race World Championship 2. အာရုံရဲ့ ဘောလုံးလောက (အပိုင်း-၁)
၁၀း၄၅	ဂျူခဲ့အိုင်ဒီယာ၏ သမိုင်းကြောင်း
၁၂း၀၀	အာဟာရမှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၅	သဘာဝအလှများစုဝေရာ ပုတာအိုမြို့
၁၂း၄၅	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့မိုးရာဒီတပညာ
၁း၀၀	အစီအစဉ်ပြီး။။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးမြို့VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ကျိုင်းတုံ ၆၆ ၂၀

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး (ဒုတိယ ညွှန်ကြားရေးမှူး) ဦးဌေးဝင်း ဦးဆောင်သောအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ ဇွန်၂၀ ရက်ကကျိုင်းတုံမြို့ တာဒျိလိတ်လမ်း ကျိုင်းတုံ ပြည်သူ့ဆေးရုံရှေ့လမ်းမကြီးပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြိုခိုင်မှုရှိမရှိ၊ သတိမူတ်ယာဉ်မောင်းလိုင်စင်ပြင့် မောင်းနှင်ခြင်းရှိမရှိနှင့် ယာဉ်ရည်းကမ်းလမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ကြသည်။ **(ယာပု)** (ကည)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရောဝတီတိုင်း လမ်းကွန်ရက်စနစ် ပိုမိုဖွံ့ဖြိုး တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး

◆ ရွှေဖူးမှ

အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရာဇဝိုင်မြစ်၏ ရေကြောင်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းပြည့်မီရေး

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကို သတ်မှတ်ကာလထက် စော၍ ပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အသုံးပြုသောပစ္စည်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ အသုံးပြုရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်မှ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုက်ပိဘက်ကမ်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချဉ်းကပ်တံတား တိုင်အမှတ်(A1) Cap လောင်းရန် ဆောင်ရွက်နေမှု၊ တိုင်အမှတ် (K1) အာရံဒီဗိုင် တူးဖော်နေမှုနှင့် တိုင်အမှတ်(P1) Cap လောင်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ရာဇဝိုင်တံတား အမှတ်(၁)သည် ပင်မတံတားမှာ သံမဏိသံပေါင်နှင့် ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ပင်မတံတားသည် ၉၉၈ ဒသမ ၂ပေရှိပြီး ချဉ်းကပ်တံတားသည် မော်လမြိုင်ကျွန်းဘက်ကမ်း၌ ပေ ၆၆၀ (ပေ၆၀ × ၁၀ခန်း)နှင့် ကျိုက်ပိဘက်ကမ်း၌ ပေ၁၈၀ (ပေ၆၀ × ၃ခန်း) ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ၂၀ (တစ်လမ်းသွား)ဖြစ်ပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် နှစ်ပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်မှာ အကျယ်ပေ ၁၈၀ နှင့် အမြင့်ပေ ၂၀ ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ရာဇဝိုင်တံတား အမှတ်(၂)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းပြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)၏ ရာဇဝိုင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားရေလယ်တိုင်အမှတ် (P3) နှင့် (P4) ပြီးစီးမှု၊ မော်လမြိုင်ကျွန်းဘက်ကမ်း ချဉ်းကပ်တံတား တိုင်အမှတ် (A2) Cap လောင်းရန် ဆောင်ရွက်နေမှု၊ တိုင်အမှတ် (P6) ပိုင်တိုင်တူးဖော်နေမှု၊ တိုင်အမှတ် (P5) Cap လုပ်ငန်းများ ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းပြို့နှယ် ရာဇဝိုင်တံတား အမှတ်(၂)တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရောဝတီတိုင်း လမ်းကွန်ရက်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လမ်းကွန်ရက်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးသည်။

သံကူကွန်ကရစ်

အဆိုပါ ရာဇဝိုင်တံတား အမှတ်(၂)သည် တစ်လမ်းသွား သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်မှာ ပေ၃၀၀ (ပေ ၁၀၀ × ၃ခန်း) နှင့် ချဉ်းကပ်တံတားမှာ မော်လမြိုင်ကျွန်းဘက်ကမ်းနှင့် ကျိုက်ပိဘက်ကမ်းတို့၌ ပေ ၁၂၀ စီ ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ ၂၀ (တစ်လမ်းသွား)ဖြစ်ပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ်နှစ်ပေစီ ပါရှိသည်။တံတားအောက် ရေလမ်းကင်းလွတ်မှာ အကျယ်ပေ ၈၀ နှင့် အမြင့် ၁၀ ပေဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းပြို့နှယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နွှေးဆက်စဉ် (သတင်းစဉ်)

ရာဇဝိုင်တံတား အမှတ်(၁)သည် ပင်မတံတားမှာ သံမဏိသံပေါင်နှင့် ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ပင်မတံတားသည် ၉၉၈ ဒသမ ၂ပေရှိပြီး ချဉ်းကပ်တံတားသည် မော်လမြိုင်ကျွန်းဘက်ကမ်း၌ ပေ ၆၆၀ (ပေ၆၀ × ၁၀ခန်း)နှင့် ကျိုက်ပိဘက်ကမ်း၌ ပေ ၁၈၀ (ပေ၆၀ × ၃ခန်း) ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ ၂၀ (တစ်လမ်းသွား)ဖြစ်ပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် နှစ်ပေစီ ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်မှာ အကျယ်ပေ ၁၈၀ နှင့် အမြင့် ပေ ၂၀ ဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ပိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ လွှဲပြောင်းအပ်နှံပွဲ အမှာစကားပြောကြား

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ပဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့ကို လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်ဇရာခန်းမ အပြင်ဘက်၌ ပြသထားသည့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

လွှဲပြောင်းအပ်နှံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်ဇရာခန်းမ၌ ကျင်းပသည့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့နှုန် ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းနေ ဒေါ်ကျင်သိန်း၏ လျှဒါန်းငွေကျပ်သိန်း ၂၆၀ မတည်ပြီး အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လျှဒါန်းပြီးစီးသွားသည့် ငွေကျပ် ၃၈၈ သိန်း တန်ဖိုးရှိ ငွေစင်ရော်စံပြကျေးရွာဘုန်းတော်ကြီးကျောင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးလှဌေးက လည်းကောင်း၊ မန္တလေးမြို့ စလင်းကျောင်းတိုက် ဆရာတော် ဦးတိက္ခဦးစီး၍ အများပြည်သူလှူဒါန်းငွေကျပ်သိန်း ၁၀၀ မတည်ပြီး TZTM ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လျှဒါန်းပြီးစီးသွားသည့် ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ငွေစင်ရော်စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့ကို ဒေါ်ကြည်ကြည်ဦး၊ ဒေါ်ခင်ခင်ဦးတို့က လည်းကောင်း၊

✪ စာမျက်နှာ ၉ မှ

သတိတရားပေါင်းစပ်ကာ သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှု၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးမှု၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် Cyclone Shelter များတည်ဆောက်နေမှုနှင့် လမ်းကွန်ရက်များဖောက်လုပ်နေမှုတို့ကို ပဏာမ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းသည် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေသယံဇာတ၊ မြေသယံဇာတများ ပေကြွယ်ဝသောဒေသဖြစ်၍ ယင်းအခြေခံကောင်းများကို မိမိတို့လှုမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုနိုင်ရေးအတွက် အလုပ်ကို ဝိရိယထားကြိုးစားလုပ်ကိုင်ကြရန်၊ မိမိတို့နိုင်ငံသည် နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးဖြစ်သဖြင့် ဒို့တာဝန် အရေး(၃)ပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ရင်းရင်းနှီးနှီးနွှတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ခနိုချောင်းစံပြကျေးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးခန့်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် TZTM ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းအောင်ကျော်က ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမျိုးသား သဘာဝဘေး ဘာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခနိုချောင်း စံပြကျေးရွာ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်၌ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာအတွင်း လမ်းများဖောက်လုပ်ထားမှု၊ အိမ်ခြံဝင်းများအတွင်း၌ အရိပ်ရပင်၊ လေကာပင်နှင့် စားသုံးသီးပင်များ စိုက်ပျိုးထားမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများသုံးတယ်လီဖုန်း တပ်ဆင်ထားမှု၊ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်၌ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် ယာယီဆေးခန်း ဖွင့်လှစ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခနိုချောင်းစံပြကျေးရွာမှ သာပေါင်းမြို့နယ် လေ့တက်ကြီးကျေးရွာရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း) သို့ ရုတတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လမ်းခရီးရှိ မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ ဆောက်လုပ်ပြီး ကျေးလက်အိမ်ရာများနှင့် အခြေခံပညာ အထက်တန်းကျောင်း ဆောက်လုပ်မှု အခြေအနေများကို ရုတတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ ရောက်ရှိကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံရုပ်မှူး ဦးရည်မွန်က စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)၏ ကုန်ထုတ်လုပ်မှု အခြေအနေနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)မှ ရုတတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

ကျေးလက်အိမ်ရာများ

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာရှိ ဆောက်လုပ်ပြီး ကျေးလက်အိမ်ရာများကို ဝေပင်မှ ထွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရန့်

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေ)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေ)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန်နေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇွန်လအတွက် နောက်ဆုံးအပတ် (တနင်္ဂနွေနေ့)
(၂၈-၆-၂၀၀၉)ရက်နေ့

၂၀၀၉ခုနှစ် ဇူလိုင်လအတွက်
(၁၂-၇-၂၀၀၉) ရက်နေ့
နှင့်
(၂၆-၇-၂၀၀၉) ရက်နေ့

ရေနတ်မြောင်းတူးဖော်ဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် ဇွန် ၂၄

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်းဘေး အဖွဲ့ပိုင် စေးနှေး ရေနုတ်မြောင်းတူးဖော်မှုကို မေ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က လုပ်ငန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

စစ်နှလုံးသား ဝတ္ထုတိုပေါင်းချုပ်စာအုပ် ထွက်ရှိ

ရန်ကုန် ဇွန် ၂၄

ကိုချိုစံရေးသားသော စစ်နှင့်အချစ်ကို သရုပ်ဖော်ထားသည့် တပ်မတော်နေ့ အထိမ်းအမှတ်ဆုရ ဝတ္ထုတိုများနှင့် မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီး ဝတ္ထုတိုများ ပါဝင်သော စစ်နှလုံးသား ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို တနင်္သာရီစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပု)**

အဆိုပါစာအုပ်တွင် ပီတိပန်းတစ်ပွင့်၊ ဒုတိယတန်းမှာနေချင်ပြီ၊ စစ်သူရဲမို့ ချစ်ရဲသည်၊ ချစ်ခဲ့ဖူးတဲ့ အချိန်ကလေးတစ်ချိန်၊ အသည်းအသစ်နှင့် ချစ်မည့်သူ၊ သွေးတစ်စက်ရဲတန်ဖိုး၊ စစ်သားကောင်း မည်သည်ငြိုင်းချမ်းရေးပန်းတို့ပွင့်သောအခါ၊ စိတ်ကူးထဲကရွာကလေး၊ မေတ္တာဒဏ်၊ ရဲရေးရောက်၍၊ ခုံဒုံအလွမ်းနှင့် ချစ်ရေးခက် ဝတ္ထုတိုများပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၄

၂၀၀၉ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲတို့ ယနေ့ နံနက် ၆ နာရီတွင် နေပြည်တော်ပြို့မဈေးရှေ့ စုရပ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သုရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထိုးမင်း။ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ။ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ။ ဝန်ထမ်းပိသားစုများ။ မြန်မာနိုင်ငံ ခြေလျင်တောင်တက် အဖွဲ့ ချုပ်မှ အသင်းဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ကျော် တမျော်တပါး ပါဝင်ဆင်နွှဲလမ်းလျှောက်ကြသည်။

ရှေးဦးစွာ လမ်းလျှောက်ပွဲဆင်နွှဲမည့် ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းနှင့် မိသားစုဝင်များသည် မြို့မဈေးရှေ့ စုရပ်၌ နေရာယူကြပြီး နံနက် ၆ နာရီတွင် သေနတ်ပစ်ဖောက် စတင်တာလွတ်၍ တောင်ညို-နေပြည်တော် ပျဉ်းမနား လမ်းအတိုင်း သမြတ်ကုန်းအုပ်ငယ်မှ နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်ရှေ့တွင် ပန်းဝင်ကြရာ အားကစား ဝန်ကြီးဌာနနှင့် အလှူရှင်များက လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူများ အား အပြည်ပြည် ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် T-Shirt အင်္ကျီများ ပေးအပ်ပြီး စားသောက်ဖွယ်ရာများနှင့် ရေသန့်၊ အချိုရည်ဘူးများဖြင့် ဧည့်ခံသည်။

အလားတူ မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်အသီးသီးတို့သည်လည်း နိုင်ငံ တစ်ဝန်းလုံးရှိမြို့အသီးသီး၌ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သုရအေးမြင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်း အမှတ် လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်ပြို့ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ (သုဝဏ္ဏ)၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်အောင်ဦး(**ယာပု**)နှင့် တာဝန်ရှိသူ အသီးသီးက သက်ငယ်(၃၆)ကီလိုတန်းပြိုင်ပွဲ၊ သက်ငယ် (၃၉)ကီလိုတန်းပြိုင်ပွဲ၊ အထူးအမျိုးသမီး ပြိုင်ပွဲ၊ သက်ငယ်(၄၂)ကီလိုတန်းပြိုင်ပွဲ၊ ဘင်တန် ဗိတ်(၈)အဆင့်ပြိုင်ပွဲ၊ အမျိုးသမီး (၅၁)ကီလိုတန်းပြိုင်ပွဲ၊ အထူးအမျိုးသား ပြိုင်ပွဲ၊ ဘင်တန်ဝိတ်(၁)အဆင့်ပြိုင်ပွဲ၊ လိုက်ဝိတ်(က)အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(လက်ဝှေ့အဖွဲ့ချုပ်)

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံရဲရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဒိုးရာလွန်ဆွဲ အားကစားပြိုင်ပွဲတွင် အာရှလွန်ဆွဲ အားကစားအဖွဲ့ချုပ်မှ Spread Promotion Committee ဥက္ကဋ္ဌ Mr. Kiyoshi Takahashi ၀ဏမ ဆုရအသင်းကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေး

ရန်ကုန် ဇွန် ၂၄

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၃+၄) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် စံ(၅)ရပ်နှင့်အညီ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် မြို့နယ် မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ် သည် ယမန်နေ့ မွန်းလွဲပိုင်းက စာကြည့် တိုက်နမ်းမဲ့ သွားရောက်ညှိနှိုင်းဆွေးနွေး ပြီး(**ဝဲဝဲ**) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသိန်းက စာကြည့်တိုက် သီခြားအဆောက်အအုံ ရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးစီမံချက်ဖြင့် ခြင်ဆေးဖျန်းခြင်း လှုပ်ရှန်းကို လူပူရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တစ်ပတ်ခွင်ရလဝါတွက် အမှတ် (၇) အခြေခံပညာ မူလတန်းကျောင်း၌ ခြင်ဆေးဖျန်းခြင်းကို ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် အငယ်တန်းအင်ဂျင် နီယာ-၂ ဦးဃဉ်မင်းဦးတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ကြေးမုံ)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇွန် ၂၄

ယနေ့နံနက် ဥနှာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ ရဲခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍မိုးကြိုးခဲ့သည်။

မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမိမြို့တွင် ၃၁သမ ၁၁လက်မ၊ မော်လမြိုင်မြို့တွင် ၂၃သမ ၃၆လက်မ၊ ဖျာပုံမြို့တွင် ၁၈သမ ၈၅လက်မနှင့် ကိုကိုးကျွန်းပြို့တွင် ၁၈သမ ၇၇ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၅ရက် ညနေထိ ခန့်မှန်းချက် ။ ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်ပြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးပြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်ပြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ သုညဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၂၃-၆-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၁ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၂၄-၆-၂၀၀၉

ဧရာဝ နာရီအချိန် စိထိုင်းဆ ၉၃ ရာခိုင်နှုန်း ၂၄-၆-၂၀၀၉

နေပူသည့်နာရီပေါင်း ၂၃ဒသမ စနာရီခန့် ၂၃-၆-၂၀၀၉

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်ပြို့လယ်
၂၄-၆-၂၀၀၉	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၀၉မှ	၈၃၆မဓ	၉၈၀မဓ	၁၁၃၃မဓ

ယနေ့အထိ (၃၂၁ဒသမ ၉လက်မ) (၃၈၃သမ ၅လက်မ) (၄၄၃သမ ၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၃-၆-၂၀၀၉ရက် ၁၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ရွှမ်းမိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ဒိုးရာလွန်ဆွဲအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ဒိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဒိုးရာလွန်ဆွဲအားကစားပြိုင်ပွဲကို ဇွန် ၂၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်ပြို့ရှိ ကျိုက္ခဆံအားကစားပြိုင်ဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ အာရှလွန်ဆွဲ အားကစားအဖွဲ့ချုပ် (Asian Tug of War Federation)မှ Spread Promotion Committee ဥက္ကဋ္ဌ Mr. Kiyoshi Takahashi ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဒိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ရီရီဝင်းနှင့် ဦးခင်မောင်ထွန်း တို့ဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အမျိုးသား အမျိုးသမီးအားကစားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ဒိုးရာလွန်ဆွဲ အမျိုးသားအသင်း လေးသင်းနှင့် အမျိုးသမီးအသင်း လေးသင်းတို့ပါဝင် ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသော အသင်းများ အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်၊ Asian Tug of War Federation မှ Spread Promotion Committee ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသားများဘဏ်လိမ်တက်
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်နေ့ရက်ရှေ့ဆိုင်းခြင်း

မြန်မာနိုင်ငံသားများဘဏ်လိမ်တက်၏ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်နိုင်ရေးအတွက် အထူးအစည်းအဝေးပါ တစ်ပေါင်းတည်းကျင်းပနိုင်ရန် ၂၇-၆-၂၀၀၉ ရက်တွင် ကျင်းပပြုလုပ်မည့် (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းပါကြောင်းနှင့် ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လိမ်တက်

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းဌာနကျပ်ကွေးမြို့သာခန်းထားရန်)

၁။ အောက်ဖော်ပြပါရာထူးအလိုက်ဝန်ထမ်းများအလိုရှိပါသည်။ခန့်ထားခြင်းခံရသူသည်အခြေခံလစာအပြင်အခြားခံစားခွင့်များလည်း ထိုက်တန်စွာရရှိပါမည်။

(က) **လုံခြုံရေးမှူး** ကျား(၃)ဦး
- ဘွဲ့ရ အသက် ၂၅နှစ်မှ ၄၅အတွင်းဖြစ်ရမည်။

(ခ) **တာဝန်ခံ (လုံခြုံရေးမော်တော်ယာဉ်လုပ်ငန်းစာရင်းတိုင်)** ကျား/မ(၁၀)ဦး
- ဘွဲ့ရအသက် ၂၅နှစ်မှ ၃၅အတွင်းဖြစ်ရမည်။

(ဂ) **စာရင်းတိုင်** ကျား/မ(၁၀)ဦး
- ဘွဲ့ရ အသက် ၂၂နှစ်မှ ၃၅နှစ်အတွင်း

(ဃ) **ပစ္စည်းထိန်း** ကျား(၁၂)ဦး
-ဘွဲ့ရ အသက် ၂၂နှစ်မှ ၃၅နှစ်အတွင်းဖြစ်ရမည်။

(င) **လုံခြုံရေး** ကျား/မ(၁၀)ဦး
-အခြေခံပညာအထက်တန်းဆင့်အသက် ၂၂နှစ်မှ၄၅နှစ်အတွင်းဖြစ်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားသူများသည် ကျန်းမာ၍အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ပြီးနယ်ဝေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ အထက်အဝို၌ (၁)(က)(ခ)(ဂ)အတွက် လုံခြုံရေးတဝန်ထမ်းဆောင်ဖူးသူ၊ မော်တော်ယာဉ်ကြီးကြပ်မှုဆောင် ခွက်ဖူးသူ၊ စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံရှိသူအားလည်းကောင်း။ အဝို၌(၁)(ဂ)(ဃ)အတွက်ကွန်ပျူတာ၊စာရင်းအင်းပညာတို့ /ဒီပလိုမာရရှိထားသူများအားလည်းကောင်းဦးစားပေးပါမည်။

၃။ လျှောက်ထားလိုသူများသည်ဤကြော်ငြာပါသည့်နေ့မှ(၁၅)ရက်အတွင်း ကိုယ်တိုင်နေ လျှောက်လွှာ၊ ဓာတ်ပုံနှစ်ပုံ၊ပညာအရည်အချင်းအထောက်အထား၊လေ့ကာမှတ်ပုံတင်မိတ္တူ အိမ်ထောင်စုစာရင်းမိတ္တူ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ**Dragon Oil Ltd.** ဓာတိုက်သေတ္တာအမှတ် ၁၂၄ ရန်ကုန်မြို့သို့ပေးပို့လျှောက်ထားနိုင်ပါသည်။

ပုဏ္ဏာပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၄

နေပြည်တော် ပျဉ်းမနားမြို့နယ် အသင်း(ရန်ကုန်)က (၁၃)ကြိမ်မြောက် စုပေါင်း အလှူပွဲကို ဇူလိုင် ၁၁ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားခေ့ရှိ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ကြွရောက်ပါရန်နှင့် ၂၀၀၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တတ္တသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော နေပြည်တော်ပျဉ်းမနား အသင်းသူ အသင်းသားများ၏ သား၊ သမီးများကို ဂုဏ်ပြုမည်ဖြစ်ပါ၍ အထောက်အထား ပြည့်စုံစွာဖြင့် ဇူလိုင် ၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

ပါဝင်လျှုဒါန်းလိုသူများသည် ဖိုးလွမ်ဝစ် ဖုန်း-၅၅၄၅၇၆ကျော်ဝင်း ကုမ္ပဏီ ဖုန်း-၂၄၅၃၃၁၊ ဦးအေးလွင် ဖုန်း-၅၄၄၆၉၀၊ ဦးတင့်ဆန်း ဖုန်း-၀၉-၅၀၀၅၁၀၃၊ ဒေါ်နွယ်နွယ် ဖုန်း-၅၂၄၄၄၀၀၇၊ ဒေါ်နွယ်နွယ် ဖုန်း-၅၂၄၄၄၀၀၇၊ ဒေါ်နွယ်နွယ် ဖုန်း-၅၂၄၄၄၀၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဂျီတီအိုင်ကျောင်းသားဟောင်းများစုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၂၄

ဂျီတီအိုင်ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍(၉)ကြိမ်မြောက် စုပေါင်း လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၈ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပဒန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယသာသနာ့လက်ဝဲ့ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ခုံးအဖွဲ့မှူး ဦးခင် ဖုန်း-၅၁၉၈၆၃၀ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။

(ကြေးမုံ)

Sunway International

S.I.E.C
Have Fun & Learn

Age(2-5 years)
MON - FRI (9:00-2:30)
- Singapore Curriculum (Eng, Math,Science)
- Well equipped teaching & learing facilites
- Kid's library
- Air conditioned class room

Weekend Class

Age(5-12 Years)
Cambridge Pre-Starter, Starter, Mover,
Flyer Courses
REGISTER NOW!

FREE!
REGISTRATION FEES & UNIFORM (UNTIL 15TH JULY)
SCHOOL BUS AVAILABLE

SUNWAY INTERNATIONAL EDUCATION CENTER
No, 410&610 Condo B, Bayint Naung Tower II
Corner of Hledan Rd & Bayint Naung Rd;
Kamayut Tsp. Yangon Ph: 095500441, 095186889

PRE-SEA-TRAINING
A/B-O/S-3/0-2/0
များအတွက် သင်ကြားပေးပါသည်။
ဖုန်း-၅၈၁၄၃၀ သို့ ဆက်သွယ်ပါ။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းခိန်ခန့်ရန်)

၁။ အမျိုးသမီးအတွေ့ပင်ရိုးတန်း (၉)ဦး အိမ်ရှိဆုံး (၁၀)တန်းအောင်ရမည်။

၂။ စာရင်းကိုင်အမျိုးသမီး (ဘွဲ့ရ)(၂)ဦး စာရင်းအင်းကျွမ်းကျင်ရမည်။

လျှောက်ထားသူအားလုံးသည်ကိုယ်လေးထွေးဝင်းညွှာအညည်အချင်း၊ ခဲ့ခေနဲ့းထောက်ခံချက်၊ ဓါတိပုံ(၂)ရွက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတွင်အတူ (၁၀)ရက်အတွင်းလုပ်ကိုယ်တိုင်လာထောက်ခံကောက်ပါလိပ်စာသို့လျှောက်ထားနိုင်သည်။

FOCUS ENTERPRISE CO.,LTD.
SOSUCO ကြွေပြား
အမှတ် (၂၉၀)၊ ပြည်လမ်းမ၊ ဗဟိုကုန်းကားမှတ်တိုင်အနီး၊ ရန်ကုန်။

ဂျီတီအိုင်ကျောင်းသားဟောင်းများစုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇွန် ၂၄

ဂျီတီအိုင်ကျောင်းသားကျောင်းသူဟောင်းများစုပေါင်း၍(၉)ကြိမ်မြောက် စုပေါင်း လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၂၈ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပဒန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယသာသနာ့လက်ဝဲ့ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ခုံးအဖွဲ့မှူး ဦးခင် ဖုန်း-၅၁၉၈၆၃၀ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။

(ကြေးမုံ)

မင်္ဂလာည့ံခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာနေ
ဒေါက်တာစိန်လှကျော်(Medical Officer, International SOS)
Site Doctor(TOTAL E&P Myanmar)-
(ဒေါက်တာဝင်းဝင်းရှိန်-အမျိုးသားစာပေဆုရ စာရေးဆရာမ ဝင်းဝင်းလတ်)တို့၏သားထွေး

မောင်ကျော်ဇင်း
Dip. in Electrical Engineering(Ngee Ann Poly)
B.Eng (Final Year) (University of South Australia)
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံ၊ ဝါယာလက်နေ
ဦးသိုက်ထွန်း(E/E PIL Shipping S'pore)-ဒေါ်ကြည်ကြည်ထွေးတို့၏တစ်ဦးတည်းသောသမီး

မနှင်းကေခိုင်ထွန်း (ခ) ကူးကူး
Dip. in Electronic & Telecommunication Engineering(Ngee Ann Poly)
B.Eng(Final Year)(University of South Australia)

တို့၏ ၂၀-၆-၂၀၀၉ ရက်(စနေနေ့)တွင် International Business Centre ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာည့ံခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရ ဗိုလ်မှူးကြီးစောဖြင့်(ငြိမ်း) (မဟာသီမဂ္ဂဇင်းအယ်ဒီတာချုပ်- မှူးသမိန်)နှင့် ဇနီးဒေါ်တင်တင်မြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုန်းနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်း ကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းသိန်းနှင့် ဇနီး ဒေါ်လှလှဝင်း တို့အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင် ရိုက်ကူးပေးသော ရွှေပြည်နှစ်(ဗီဒီယို)ထုတ်လုပ်ရေးအားလည်းကောင်း၊ I.B.C မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာည့ံခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ပိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇင်ဝင်း-မနှင်းကေခိုင်ထွန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်(၁၆၂)နေ
ဦးထွန်းဝင်း-ဒေါ်ချိုချိုတို့၏ သားလတ်

မောင်ဇင်မင်းထိုက် B.A (Eco)
(ခေတ္တ-တိုက္ကျိ)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ တပင်ရွှေထီးလမ်း၊ အမှတ်(၃၃၂)နေ
ဦးတိုးဆွေ-ဒေါ်အေးအေးမေ[ကိုတိုး(ခရမ်း)]၊ ဆန်နှင့်အထွေထွေရောင်းဝယ်ရေး]တို့၏
သမီးကြီး

မပြိုးပြိုးစံ B.Sc(Phy)
(ခေတ္တ-တိုက္ကျိ)

တို့သည် ၁၁-၆-၂၀၀၉ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးတို့၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇင်မင်းထိုက်-မပြိုးပြိုးစံ

Sweet Sweet Smileလေးမွေးနေ့
ရက်(၁၀၀)ပြည့်ပါပြီ

အပူရှိန်ပြင်းတဲ့ နွေဦးရဲ့ ညတစ်ည၌မှာ အေးမြလန်းဆန်းသွားအောင် ဆည်းလည်းသံချိုလွင်လွင်လေးနဲ့ မိသားစုဘဝထဲကို ဝင်ရောက်ခဲ့တဲ့ တစ်ဦးတည်းသော သမီးရတနာလေး- **ဝတီဆည်းလည်းနွေ @ ဝတီမိုးကျော်လွင်**ရဲ့ ဘဝလမ်းခရီးမှာ ကျန်းမာခြင်းသာသုခများ ပြည့်စုံပြီး လိုတရာကာ သာသနာအကျိုးများ သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်တောင်းရင်း . . .

ချစ်တဲ့ ဘိုးဘိုး-ဘွားဘွား - ဦးခင်မောင်ရင်-ဒေါ်ခင်သန်းနွဲ့
ချစ်တဲ့ ဖေဖေ-မေမေ - ကျော်လွင်-မိုးခင်ဇင်(MRTV)
ချစ်တဲ့ ဘွားလေးများ - မာမာ၊ ရဲရဲ၊ ချိုချို၊ ကြိုးကြိုးမျိုးခင်ခင်

Myanmar WWW Institute JAVA နည်းပညာများကို
အရိုးရိုးတိုအောင်၊ ကျွမ်းကျင်တတ်စေခြင်းအောင် သင်ယူလိုသူများ။ နိုင်ငံရင်ခြားတွင် အဆင့်မြင့် အိုင်ဘီအေသာနင်များအား သင်ယူလိုသူများ။ နိုင်ငံတကာအသိအမှတ်ပြု Java အောင်လက်မှတ်ရယူလိုသူများ . . .

Certified Java Programmer CJP
- Java Environment & JDK
- J2SE Fundamentals
- Object Oriented Programming
- Exception Handling
- Inheritance & Polymorphism
- Advanced Class Features
- Essential Java Packages
- Collection Frameworks
- GUI Applications & Applets
- GUI Event Handling
- Java Database Connectivity
- Multi-Threading & Java Security

Certified Java Web Developer CJWD
- Servlets Technology
- Java Server Pages - JSP
- Scriptless JSP
- JSTL (JSP. Standard Tag Library)
- Custom Tags Development
- Web Applications Deployment
- J2EE Security
- Expressions Language - EL
- Filters and Wrappers
- Enterprise Design Patterns (EDP)

သင်တန်းအပ်ပက်ဝါ။ (ဖုန်း) ၅၂၀၁၂၅၊ ၆၅၅၂၈၀

အငေးတာ(၄)၊ အခန်း (၄)၊ မြန်မာအင်္ဂိုတာ၊ လိုင်ဘာတွယ်ဆိုလိန်နယ်ပြေ၊ ရန်ကုန်။

ငါးရစ်ငါးသန် အားမဲ့ချင် ပုံမှန်စားသုံး မျိုးမသုဉ်း

စာနယ်ဇင်းပညာသင်တန်း (၂/၂၀၀၉) ဖွင့်မည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာနယ်ဇင်း ပညာသင်တန်း (၂/၂၀၀၉)ဖွင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းကိုဇူလိုင် ၁ ရက် နံနက် ၈ နာရီခွဲတွင် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းဆောင်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်း၀င်ခွင့်ရရှိကြသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ဒင်းကျင်းပြသမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၂၆ ရက်မှ ၂၈ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ပြည်တွင်းဖြစ် စားသောက်ကုန်အမျိုးမျိုးတို့ကို ပြသသွားမည်ဖြစ်ပြီး ဇွန် ၂၆ ရက်တွင် ဖိတ်ကြားထားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား လည်းကောင်း၊ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အများပြည်သူတို့အား လည်းကောင်း ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ပိုလ်ချုပ်လမ်း၊ အမှတ်(၆/၆၉၅)နေ (ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်)-ဒေါ်ပြီး တို့၏ သားထွေး၊
အမှတ်(၇၀/ B) ဒုတိယထပ်၊သုခလမ်းကျောက်မြောင်းနေ

မောင်သက်လွင်
J.S.M(SHIPPING)
နှင့်
ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၆/၈၇၀)နေ
(ဦးအေးလှိုင်)-ဒေါ်ခင်ဆွေဝင်းတို့၏ သမီးထွေး

မသက်ဝေလှိုင်
Final Year (Myanmar)

တို့သည် ၂၀-၆-၂၀၀၉ ရက် (စနေနေ့)တွင် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်သက်လွင်-မသက်ဝေလှိုင်

ဦးကျော်ရှိန် မဟာကျော်နည်းပြ
English Speaking and Grammar
ရာထူးဝင်ခွင့်များအားလုံး ဂူလိုင်လဆန်းစမည်
၁၇၀-၁၇၄၊(၀)ထပ်၊ဆိပ်ကမ်းသာလမ်း(လယ်)၊ဖုန်း-၂၄၀၆၉၆

ကမ္ဘာ့ကျော်ကြားပြီးဖြစ် ဘယ်လိုမဆို **Control** လုပ်ကြွယ်လဲ
Controlling a Business
စီးပွားရေးလုပ်ငန်းထိန်းသိမ်းကွပ်ကဲခြင်း
ရောင်းရေး - ၂၄၀၀ ကျော်
ရန်ကုန်နှင့် မန္တလေးမြို့ဆိုင်ကြီးများတွင်ရရှိ။ ဖုန်း - 01- 537230

ပလင်းတန့်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ

ကျိုင်းတုံ-တောင်ကြီးသွား ကားလမ်းအား တောင်များကြားတွင် ဤသို့ ဖြောင့်မြူးသာယာလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ နယ်စပ်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ဝေဆာလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ဒေသများလည်း ဖွံ့ဖြိုးလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တွေ့သိရှိနိုင်ရန် လေ့လာမှုအစီအစဉ်များ အဆက်မပြတ် သွားရောက်လျက်ရှိပါသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးအခြေအနေများကို သိရှိနိုင်ရန် ပြည်နယ်ရုံးဧည့်ခန်းမ၌ ကဏ္ဍအလိုက် တာဝန်ရှိသူများအား ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေ့ဦးစွာ ဦးစီးအရာရှိ ဦးသန်းထွန်းက "ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဟာ တောင်ပေါ်ရပ်ဝန်းနယ်စပ်ဒေသဖြစ်ပါတယ်။ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးက စလို့ လူမှုရေးအဆုံး ဖွံ့ဖြိုးမှုတွေ နောက်ကျခဲ့ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

သတင်းဆောင်းပါး

တင်ဝင်းလေး(ကြည်မြင့်တိုင်)

ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

မှတ်သားဖွယ်ရာ မိုးလေဝသများ

(၂၄-၆-၂၀၀၉)

ကျိုက္ခမီ
၃ ဒသမ ၁၁ လက်မ

မော်လမြိုင်
၂ ဒသမ ၃၆ လက်မ

ဖျာပုံ
၁ ဒသမ ၈၅ လက်မ

ကိုကိုးကျွန်း
၁ ဒသမ ၇၇ လက်မ

ယနေ့ မိုးလေဝသ

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

MNL CUP GRAND ROYAL 2009

ပို့လ်လုပွဲတက်ခွင့်လက်မှတ်ကို ဘယ်အသင်း ရယူနိုင်မလဲ

သတင်းနှင့်ဓာတ်ပုံ - စိုးညွှန့် (ကြေးမုံ)

ရန်ကုန် ဇွန် ၂၄

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)ကို ဇွန် ၂၅ ရက် (ယနေ့) ညနေ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ပြီး မကွေးတိုင်း ကိုယ်စားပြု မကွေး F.C နှင့် မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ကစားမည့်ပွဲမှာ ပို့လ်လုပွဲ တက်ရောက်နိုင်ရေးအတွက် အရေးကြီးသော ပွဲစဉ်ဖြစ်သလို နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ပွဲလည်း ဖြစ်သည်။ ရတနာပုံ F.C မှာ ရန်ကုန်ယူနိုက်တက် F.C ကို သရေသာ ကစားနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက် F.C မှာ ဇွန် ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သောပွဲတွင် ကမ္ဘောဇ F.C ကို အနိုင်ရရှိသွားရာ ယခုပွဲမှာ ရတနာပုံ F.Cအတွက် သေရေးရှင်ရေးပွဲ ဖြစ်သွားသည်။ ရန်ကုန်ယူနိုက်တက် F.C သည် Delta United F.C နှင့်သာ ကစားရန် ကျန်တော့ပြီး ယင်းပွဲတွင် အနိုင်ရရှိပါက ရမှတ်မှာ ၁၆ မှတ်ဖြစ်သွားမည်ဖြစ်ရာ ၁၁ မှတ်သာရရှိသေးသော ရတနာပုံ F.C အနေဖြင့် ယခုပွဲကို သရေကျခွင့်ပင်မရှိဘဲ မဖြစ်မနေ အနိုင်ကစားရန် လိုအပ်လာခြင်းဖြစ်သည်။

မကွေး F.C မှာ ရတနာပုံ F.C ထက် အခွင့်အရေးပိုနေတာကတော့ သရေရလဒ်ကို လက်ခံနိုင်ခြင်းပင်ဖြစ်သည်။ ယခုပွဲကို သရေကျခဲ့ရင်လည်း နောက်ဆုံးပွဲကို အနိုင်ကစားနိုင်ပါက ပို့လ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။ မကွေး F.C အနေဖြင့် ရတနာပုံ F.C ကို အနိုင်ကစားနိုင်ခဲ့လျှင်မူ ပို့လ်လုပွဲတက်ရောက်နိုင်သည့် ပထမဦးဆုံးအသင်းအဖြစ် မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

သက်တမ်း နှစ်ပေါင်း ၂၈၀၀ ရှိ ဈေးဟောင်း အီဂျစ်ဆေးရည်စိမ် ရုပ်အလောင်းကို စီတီစကန် ရိုက်ကူးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပုံ ရိပ် ဖော် နည်း ပ ညာ အင် တာ နက် သ တင်း

အီဂျစ်ဆေးရည်စိမ်ရုပ်အလောင်းကို စီတီစကန်ရိုက်ကာ သရုပ်ဖော်ရေးသွေ

ဘာသာပြန် - တက်လူ

ချီကာဂို ဇွန် ၂၄

သက်တမ်း နှစ်ပေါင်း ၂၈၀၀ ရှိ အီဂျစ်ဆေးရည်စိမ် ရုပ်အလောင်းတစ်ခု၏ မျက်နှာကို စီတီစကန်(ခေါ်) ဆေးဘက်ဆိုင်ရာ ပုံဖော်စက်မြင့် ရိုက်ကူးကာ မူလမျက်နှာ အနေအထားအတိုင်း တွေ့မြင်နိုင်ရန် မူခင်းရေးရာ ပန်းချီပညာရှင်နှစ်ဦးက ကြိုးပမ်းနိုင်ခဲ့ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှ မူခင်းရေးရာပန်းချီပညာရှင် ဂျီရူဂါဟာကာနှင့် ဘော်လ်တီမိုးမြို့မှ မူခင်းရေးရာပန်းချီပညာရှင်

စာမျက်နှာ ၃ ကော်လံ ၆ သို့ ✳